# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၂၄)၊ ၁၃၈၆ ခုနှစ် ၊ တန်ခူးလဆန်း ၅ ရက် ၊ ၂-၄-၂၀၂၅၊ ဗုဒ္ဓဟူးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်ပရိဝုဏ်တော်အတွင်းရှိ သာသနိကအဆောက်အအုံများ ထိခိုက်ပျက်စီးမှုအား သွားရောက် ကြည့်ရှုစစ်ဆေး

## ဆင်းတုတော်ကြီးနှင့် ပလ္လင်တော်ကြီးတို့အနေဖြင့် တိမ်းစောင်းခြင်း၊ နိမ့်ကျခြင်း၊ တွဲဆက်ထားသည့်အပိုင်းများ ကွဲအက်ခြင်းတို့ (လုံး၀)မရှိကြောင်းနှင့် အခြားသာသနိက အဆောက်အအုံများတွင် ထိခိုက်ပျက်စီးမှု အနည်းငယ်သာရှိခဲ့သည်ကို စစ်ဆေးတွေ့ရှိရ

နေပြည်တော် ဧပြီ ၁

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားကိုးကွယ်ထားရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဥဒ္ဓဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်ပရိဝုဏ်တော်အတွင်းရှိ သာသနိကအဆောက်အအုံများ ထိခိုက်ပျက်စီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ သို့ ☆



**ကြည့်ရှုစစ်ဆေး**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မာရဝိဇယရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်း ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအား ကြည့်ရှုစစ်ဆေးစဉ်။

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဧပြီ ၁

ဧပြီ ၁ ရက် ညနေ ၅ နာရီ ၃၁ မိနစ် ၅၀ စက္ကန့်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၁၈ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(တံတားဦးမြို့၏ အရှေ့တောင်ဘက် သုံးမိုင်ခန့်အကွာ)မြောက်လတ္တီတွဒ် ၂၁ ဒသမ ၇၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၉၉ ဒီဂရီ၊ အနက် ၁၆ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၄ ဒသမ ၇ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဧလ

## အင်အားရစ်(ချ်)တာစကေး ၄ ဒသမ ၉ အဆင့်ရှိ မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဧပြီ ၁

ဧပြီ ၁ ရက် မွန်းလွဲ ၁ နာရီ ၁၂ မိနစ် ၀၄ စက္ကန့်တွင် နေပြည်တော်မြေငလျင်စခန်းမှ မြောက်-အရှေ့မြောက်ဘက် ၁၃ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(ပုဗ္ဗသီရိမြို့နယ်၏ မြောက်-အရှေ့မြောက်ဘက် ငါးမိုင်ခန့်အကွာ)မြောက်လတ္တီတွဒ် ၁၉ ဒသမ ၉၆ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၂၁ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အား ရစ်(ချ်)တာစကေး ၄ ဒသမ ၉ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဧလ

၂၀၂၅ ခုနှစ် ၊ မေပြီ ၂ ရက်၊ ဗုဒ္ဓဟူးနေ့။

မန္တလေး

# ရိုးရိုးကျင့် မြင့်မြင့်ကြံ ရိုးသားစွာ နေထိုင်ရမည်

လူတိုင်းလူတိုင်းအတွက် လူ့ဘဝတွင် အောင်မြင်မှုရရှိရေး နည်းလမ်းကောင်းများစွာရှိသည်။ "ရိုးရိုးကျင့် မြင့်မြင့်ကြံ" ဟူသည် စကားပုံတစ်ခုဖြစ်ပြီး ကိုယ်ကျင့်သိက္ခာအရ ရိုးသားဖြောင့်မတ်၍ အကြံအစည်များ အထွတ်အထိပ်သို့ရောက်အောင် မြင့်မားရမည်ဟု ဆိုလိုခြင်းဖြစ်သည်။ ရိုးသားခြင်းသည် အပြစ်ကင်းသော ဂုဏ်ရည်တစ်ခုဖြစ်သည်။ ရိုးသားခြင်းသည် လူ့ဘဝတွင် အလိုအပ်ဆုံးသော ကိုယ်ကျင့်တရားလည်းဖြစ်သည်။

လူတစ်ယောက်နှင့်တစ်ယောက် ကြာရှည်စွာချစ်ခင်ပေါင်းသင်းလိုပါက ရိုးသားဖြောင့်မတ်ခြင်းအခြေခံကို ကိုင်စွဲထားရမည်ဖြစ်သည်။ ရိုးသားသူများသည် စိတ်ထားဖြောင့်မတ်တည်ကြည်၍ လူတိုင်းလူတိုင်း၏ ရိုသေလေးစားအားထားခြင်းကိုလည်း ခံရမည်ဖြစ်သည်။ ဘဝတွင် ရိုးရိုးယဉ်ယဉ်ဝတ်ဆင်၍ ရိုးရိုးသားသားနေထိုင်ကာ မှန်ရာကိုပြောဆိုရမည်ဖြစ်သည်။ ရိုးသားမှုသည် လူတိုင်းလူတိုင်းအတွက် အဓိကကြသည်မှာ မှန်နေသော်လည်း ရိုးသားနေရုံဖြင့် လောကတွင် ဖွံ့ဖြိုးလာမည်မဟုတ် လူ့လောက ဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးအတွက် ကောင်းသောအရာအားလုံးကို အမြဲတမ်းလိုလို မြင့်မြင့်ကြံစည်တွေးခေါ်၍ ဇွဲလုံ့လဝီရိယထား လုပ်ဆောင်နေရမည်လည်းဖြစ်သည်။

လူ့လောက ဖြတ်သန်းရာတွင်လည်း ဟုတ်သောအကြံ၊ မှန်သောအကျင့်၊ သင့်သောအယူ ဖြူစင်သောနှလုံး၊ သူတော်ထုံးရန်လည်း လိုအပ်မည်ဖြစ်သည်။ ထို့အပြင် ရိုးသားခြင်းဆိုသည်မှာ အလွန်သိမ်မွေ့သန့်စင်သည့် စိတ်ဓာတ်အရည်အချင်းကောင်းတစ်ရပ်လည်းဖြစ်သည်။ ရိုးသားသောစိတ်ထားရှိသူမှာ စိတ်အေးချမ်းသာယာမှုကို ခံစားရမည်ဖြစ်ပြီး ပတ်ဝန်းကျင်လောကတစ်ခုလုံးကိုလည်း ကောင်းကျိုးချမ်းသာဖြစ်ထွန်းစေနိုင်မည်ဖြစ်သည်။ လူတိုင်းလူတိုင်းတွင် အကျင့်နှင့် အကြံဟူ၍ရှိရာတွင် အကြံသည် ဦးစွာပေါ်လေ့ရှိသည်။ ဆက်လက်၍ အကြံနောက်မှ အကျင့်က လိုက်ပါလေ့ရှိသည်။ စိတ်၏အကြံသည် အလုပ်၏ရှေ့ဆောင်ဖြစ်သည်။ အကြံကောင်းမှ အကျင့်ကောင်းမည်ဖြစ်ပြီး အကြံသည်သာ အလွန်အရေးပါမည်ဖြစ်သည်။

လူ့ဘဝ မြင့်မြင့်ကြံခြင်းသည် စိတ်သတ္တိကို မြင့်မားစေသည်။ ထိုစိတ်သတ္တိကို ရိုးသားဖြောင့်မတ်မှုနှင့်ယှဉ်၍ လက်တွေ့ကျင့်သုံးပါက အောင်မြင်မှုများရရှိမည်ဖြစ်သည်။ စင်စစ်တွင် ရိုးသားဖြောင့်မတ်ခြင်းသည် မည်သည့်အခါမျှ မရိုးသွားပါ။ လောကတွင် ဆန်းသောအရာများကသာ ပေါ်လာပြီးနောက် ရိုးသွားတတ်သည်။ ရိုးသားသောဂုဏ်မှာမူ ဘယ်သောအခါမျှမရိုး ထာဝရအတွက် အလှတစ်ရပ်ပင်ဖြစ်သည်။

သို့ဖြစ်ရာ လူ့ဘဝဖြတ်သန်းရမည့် လောကီ၊ လောကုတ္တရာနှစ်ဖြာတွင် ရိုးသားဖြောင့်မတ်ခြင်းဂုဏ်ရည်ကို လက်ကိုင်ထားကာ နေထိုင်ရမည်ဖြစ်သည်။ လူသားတိုင်းအတွက် ဘဝတစ်လျှောက်လုံး အောင်မြင်ကြီးပွားလိုပါက ရိုးရိုးကျင့် ကြံနေထိုင်သွားလာ လှုပ်ရှားရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက်အဖြစ် နိုင်ငံတော်အလံအား တိုင်ဝက်လျှော့ချ၍လွှင့်ထူ၊ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်





**မန္တလေး မေပြီ ၁**

နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက်အဖြစ် မတ် ၃၁ ရက်မှ မေပြီ ၆ ရက်အထိ သတ်မှတ်ကြေညာထားရာ မြို့တော်စည်ပင်၊ ခမ္မစကြာဝတ်အသင်းမှ စူဠာမုနိဘုရားရှင်သီတင်းသုံးတော်မူရာ အတုမရှိကျောင်းတော်တွင် မေပြီ ၁ ရက် မွန်းလွဲ ၁၂ နာရီခွဲမှ ၁ နာရီထိ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။

ထို့အတူ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ငလျင်ဘေးသင့် ပြည်သူများအား ကူညီကယ်ဆယ်ရေး၊ ကွပ်ကဲရေးရုံးတွင်လည်း ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ငလျင်လှုပ်ခတ်ခဲ့သည့် မွန်းလွဲ ၁၂ နာရီ၊ ၅၁ မိနစ် ၀၂ စက္ကန့်တွင် နိုင်ငံတော်အလံကို တိုင်ဝက်လျှော့ချကာ သတ်မှတ်ချိန်အတွင်း ငြိမ်သက်စွာဖြင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်ပြုလုပ်ခဲ့သည်။

၂၀၂၅ ခုနှစ် မတ် ၂၈ ရက် မြန်မာစံတော်ချိန် ၁၂ နာရီ၊ ၅၁ မိနစ်၊ ၀၂ စက္ကန့်တွင် ပြင်းအား ရစ်ချ်တာစကေးရှိ အလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် စာနာနားလည်မှုများနှင့်အတူ ထပ်တူခံစားလျက် နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်ရက်အဖြစ် မတ် ၃၁ ရက်မှ မေပြီ ၆ ရက်အထိ (၇)ရက်ကို သတ်မှတ်ကြေညာထားပြီး ထိုရက်များတွင် နိုင်ငံတော်အလံအား တိုင်ဝက်လျှော့ချ၍ လွှင့်ထူကြရန် ဖြစ်သည်ဟုသိရသည်။ **(မန္တလေးနေ့စဉ်-ဇ)**

## ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံကြီးတွင် ငလျင်ဘေးကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအတွက် အရေးပေါ်သွေးလှူဒါန်းခြင်းများ ဆောင်ရွက်



**ညောင်ဦး မေပြီ ၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံကြီးတွင် ငလျင်ဘေးကြောင့် အခြားမြို့နယ်များမှ ထိခိုက်ဒဏ်ရာရရှိသူများအတွက် အရေးပေါ် စုပေါင်းသွေးလှူဒါန်းခြင်းများကို မေပြီ ၁ ရက် နံနက်ပိုင်းမှစတင်ပြီး သွေးအလှူရှင်ပြည်သူများက လာရောက်လှူဒါန်းခဲ့သည်။**(အပေါ်ပုံ)**

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က ရစ်(ချ်)တာစကေး(၇ ဒသမ ၇)အဆင့်ရှိ အင်အားအလွန်ပြင်းထန်သော မြေငလျင်လှုပ်ခတ်မှုကြောင့် မြေပြိုခြင်း၊ အထပ်မြင့်အဆောက်အအုံများ၊ လူနေအိမ် ထိခိုက်ပျက်စီးခြင်းများကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား အရေးပေါ်ဆေးဝါးကုသရာတွင် လိုအပ်သောသွေးများကို လှူဒါန်းပေးနိုင်ရန် ညောင်ဦးခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့တို့၏ ဦးဆောင်မှုဖြင့်ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများနှင့် စေတနာရှင်ပြည်သူများက ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံကြီးတွင် စေတနာအလျောက် သွေးများလာရောက်လှူဒါန်းလျက်ရှိကြသည်။

ထိုသို့လှူဒါန်းရာတွင် မတ်လ ၃၁ ရက် မေပြီ ၁ ရက် ညနေပိုင်းအချိန်အထိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စေတနာရှင်ပြည်သူစုစုပေါင်း (၂၅ )ဦးက ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံကြီးတွင် သွေးအမျိုးအစားများအလိုက် လာရောက်လှူဒါန်းခဲ့ပြီး သွေးလှူရှင်များကို သက်ဆိုင်ရာတာဝန်ရှိသူများက အာဟာရဖြည့်စွက်စာများပေးအပ်ခဲ့သည်။ အဆိုပါလှူဒါန်းရရှိခဲ့သော သွေးများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာမြို့နယ်များရှိ ဆေးရုံများသို့ အချိန်မီပေးပို့နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၄စ၁)**

## မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ပြိုင်ပွဲကျင်းပမှုများနှင့် ဘောလုံးလှုပ်ရှားမှုများ ယာယီရပ်နားထားမည်

**မန္တလေး မေပြီ ၁**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်(MFF)မှ ကျင်းပလျက်ရှိသည့် MNL အမျိုးသား၊ အမျိုးသမီးလိဂ်ပြိုင်ပွဲများ၊ Futsal လိဂ်ပြိုင်ပွဲများ၊ သက်တမ်းအလိုက်ပြိုင်ပွဲများနှင့် နွေရာသီလူငယ်ဘောလုံးသင်တန်းများ၊ ဘောလုံးလှုပ်ရှားမှုများအား ခေတ္တရပ်နားထားမည်ဖြစ်ပါသည်။

ငလျင်ဒဏ်ကြောင့် အထက်မြန်မာပြည်နှင့် ရှမ်းပြည်နယ်မြို့ကြီးများတွင် လူနှင့် အဆောက်အအုံများ ထိခိုက်ပျက်စီး ဆုံးရှုံးခဲ့ရမှုများ ကြုံတွေ့ခံစားလျက်ရှိရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ဘောလုံးမိသားစုဝင်များ အနေဖြင့်လည်း ပြန်လည်ထူထောင်ရေး၊ ကူညီလှူဒါန်းရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ **(ယာပုံ)**

ပြိုင်ပွဲများနှင့် လူငယ်သင်တန်းများ ပြန်လည်စတင်မည့် နေ့ရက်အချိန်ကို ပြန်လည် သတင်းထုတ်ပြန်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **(NGB)**




မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြား၊





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။

☆ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား မာရဝိဇယ ဂေါပကအဖွဲ့ရုံး၌ ဂေါပကဥက္ကဋ္ဌ ဦးသန့်ဆွေ၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်နှင့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်နိုင်ဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် တာဝန်ရှိသူများက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆင်းတုတော်ကြီးနှင့် ပလ္လင်တော်ကြီး၏ အတိုင်းအတာ အချက်အလက်များနှင့် Datum Point များအား နေ့စဉ်၊ လစဉ် တိုင်းတာစစ်ဆေးလျက်ရှိမှု၊ မတ် ၂၇ ရက်အထိ တိုင်းတာထားရှိသည့် အချက်အလက်များနှင့် မတ် ၂၈ ရက် ငလျင်လှုပ်ခတ်ပြီးချိန်တွင် တိုင်းတာရရှိသည့် အချက်အလက်များအား တိုက်ဆိုင်စစ်ဆေးချက်များအရ Datum Point များ ပြောင်းလဲသွားခြင်းမရှိကြောင်းနှင့် ဆင်းတုတော်ကြီးနှင့် ပလ္လင်တော်ကြီးတို့အနေဖြင့် တိမ်းစောင်းခြင်း၊ နိမ့်ကျခြင်း၊ တွဲဆက်ထားသည့် အပိုင်းများကွဲအက်ခြင်းတို့ (လုံးဝ)မရှိကြောင်းကို စစ်ဆေးတွေ့ရှိရမှု၊ ရင်ပြင်တော်ကြီး၊ ဂန္ဓကုဋီတိုက်တို့ရှိကျောက်ပြားများ အပါအဝင် သာသနိကအဆောက်အအုံများရှိ မျက်နှာကြက်များ ငလျင်ဒဏ်ကြောင့် အနည်းငယ်ထိခိုက်ပျက်စီးခဲ့မှုနှင့် ပြုပြင်ဆောင်ရွက်လျက်ရှိမှု၊ အခြားသာသနိက အဆောက်အအုံများနှင့် ပရိဝုဏ်တော်အတွင်းရှိ ပတ်လမ်းများတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ အနည်းငယ်ဖြစ်ပေါ်ခဲ့မှု ရုပ်ပွားတော်မြတ်ကြီး စတင်တည်ထားစဉ် ကတည်းက ဖွဲ့စည်းထားရှိသည့် တည်ဆောက်ရေးအဖွဲ့နှင့် ငလျင်ပညာရှင်အဖွဲ့တို့ဖြင့် ငလျင်ဆိုင်ရာဖြစ်ပွားမှုအပေါ် ခေတ်မီနည်းပညာများဖြင့် စနစ်တကျ စစ်ဆေးနိုင်ရေးနှင့် မှတ်တမ်းတင်ထားရှိနိုင်ရေး၊ အနည်းငယ်သော ထိခိုက်ပျက်စီးမှုအခြေအနေများအား စနစ်တကျ ပြုပြင်နိုင်ရေး၊ နောင်တွင်ဖြစ်ပေါ်လာနိုင်မည့် ငလျင်အခြေအနေများအပေါ် ကြိုတင်ကာကွယ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှုစသည်တို့ကို ရှင်းလင်းတင်ပြကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အဂ္ဂါဓိပတိသာသနာ့ ဗိမာန်တော်ကြီးအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေး လုပ်ငန်းများ စတင်ဆောင်ရွက်စဉ်ကတည်းကပင် ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် လေပြင်းတိုက်ခတ်မှုဒဏ်ခံနိုင်ရေး၊ မြေငလျင်ဒဏ်ခံနိုင်ရေးနှင့် သဘာဝဘေးဒဏ်အန္တရာယ်များမှ ခံနိုင်မှုရှိစေရေး စနစ်တကျတွက်ချက်တည်ဆောက်ခဲ့မှုနှင့် ခေတ်မီနည်းပညာများ အသုံးပြု တည်ဆောက်ခဲ့မှုကြောင့် ယခုကဲ့သို့ ပြင်းထန်ငလျင်ဖြစ်ပေါ်ခဲ့သည့်အချိန်တွင် ဆင်းတုတော်ကြီးနှင့် ပလ္လင်တော်ကြီးတို့ အနေဖြင့် တိမ်းစောင်းခြင်း၊ နိမ့်ကျခြင်း၊ တွဲဆက်ထားသည့် အပိုင်းများကွဲအက်ခြင်းတို့ (လုံး၀)မရှိခဲ့ခြင်း ဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် အနည်းငယ်မျှသော ထိခိုက်ပျက်စီးမှုများကို ပြုပြင်ဆောင်ရွက်ရာတွင်လည်း စနစ်တကျဖြင့် ပြုပြင်ဆောင်ရွက်ရေး ကြပ်မတ် ဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးသို့လာရောက် ဖူးမြော်ကြည်ညိုကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း ကပ်လှူပူဇော်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်တော်နှင့် ဂန္ဓကုဋီတိုက် ပတ်လမ်းအတွင်းလှည့်လည်၍ ရေရှည်တည်တံ့ခိုင်မြဲရေး ထိန်းသိမ်းဆောင်ရွက်ထားရှိမှုနှင့် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှု အနည်းငယ်အား ပြုပြင် ဆောင်ရွက်လျက်ရှိမှုတို့ကို လိုက်လံကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးရှိ ခေါင်းလောင်းတော်အား ထိုးခတ်ပူဇော်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီးအတွင်း ထိခိုက်ပျက်စီးမှု အနည်းငယ်အား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားကာ ဗိမာန်တော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မာရဝိဇယဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ယခုဘုရားကြီးသည် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော် အမြင့်ဆုံးဖြစ်ပြီး မြန်မာ့ဂုဏ်ဆောင်သည့် ရုပ်ပွားတော်မြတ်ကြီး

စာမျက်နှာ ၁၁ သို့ ☆



ပလ္လင်တော်ကြီးအား လစဉ် တိုင်းတာစစ်ဆေးခြင်းမှတ်တမ်း (ဒုတိယနှစ်)

| စဉ် | ရက်စွဲ | ပလ္လင်တော် ရှေ့ညာ (P-6) | ပလ္လင်တော် ရှေ့ဘယ် (P-7) | ပလ္လင်တော် နောက်ညာ (P-8) | ပလ္လင်တော် နောက်ဘယ် (P-9) | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ၂၇.၈.၂၀၂၄ | x - (-8.101) m<br>y - 2.610 m<br>z - 3.910 m | x - 8.096 m<br>y - 2.572 m<br>z - 3.918 m | x - (-8.069) m<br>y - 13.873 m<br>z - 3.922 m | x - 8.132 m<br>y - 13.841 m<br>z - 3.921 m | |
| ၂ | ၂၇.၉.၂၀၂၄ | x - (-8.099) m<br>y - 2.610 m<br>z - 3.911 m | x - 8.094 m<br>y - 2.572 m<br>z - 3.918 m | x - (-8.068) m<br>y - 13.873 m<br>z - 3.921 m | x - 8.131 m<br>y - 13.840 m<br>z - 3.920 m | |
| ၃ | ၂၇.၁၀.၂၀၂၄ | x - (-8.098) m<br>y - 2.610 m<br>z - 3.909 m | x - 8.094 m<br>y - 2.573 m<br>z - 3.918 m | x - (-8.071) m<br>y - 13.872 m<br>z - 3.921 m | x - 8.131 m<br>y - 13.839 m<br>z - 3.921 m | |
| ၄ | ၂၇.၁၁.၂၀၂၄ | x - (-8.100) m<br>y - 2.610 m<br>z - 3.910 m | x - 8.093 m<br>y - 2.574 m<br>z - 3.919 m | x - (-8.070) m<br>y - 13.872 m<br>z - 3.920 m | x - 8.131 m<br>y - 13.840 m<br>z - 3.919 m | |
| ၅ | ၂၇.၁၂.၂၀၂၄ | x - (-8.102) m<br>y - 2.609 m<br>z - 3.909 m | x - 8.093 m<br>y - 2.573 m<br>z - 3.917 m | x - (-8.068) m<br>y - 13.872 m<br>z - 3.921 m | x - 8.131 m<br>y - 13.840 m<br>z - 3.919 m | |
| ၆ | ၂၇.၁.၂၀၂၅ | x - (-8.101) m<br>y - 2.609 m<br>z - 3.910 m | x - 8.093 m<br>y - 2.573 m<br>z - 3.917 m | x - (-8.069) m<br>y - 13.873 m<br>z - 3.922 m | x - 8.131 m<br>y - 13.840 m<br>z - 3.921 m | |
| ၇ | ၂၇.၂.၂၀၂၅ | x - (-8.100) m<br>y - 2.610 m<br>z - 3.910 m | x - 8.093 m<br>y - 2.573 m<br>z - 3.917 m | x - (-8.068) m<br>y - 13.871 m<br>z - 3.921 m | x - 8.131 m<br>y - 13.841 m<br>z - 3.919 m | |
| ၈ | ၂၇.၃.၂၀၂၅ | x - (-8.101) m<br>y - 2.610 m<br>z - 3.910 m | x - 8.092 m<br>y - 2.574 m<br>z - 3.918 m | x - (-8.068) m<br>y - 13.870 m<br>z - 3.921 m | x - 8.131 m<br>y - 13.841 m<br>z - 3.920 m | |
| ၂၈.၃.၂၀၂၅ ရက်နေ့ ၁၂:၅၀ အချိန် ဆင်အားပြင်း ငလျင်လှုပ်ခတ်ခြင်း (၇.၇ မဂ္ဂနီကျု) | | | | | | |
| ၈.၁ | ၂၈.၃.၂၀၂၅ | x - (-8.102) m<br>y - 2.612 m<br>z - 3.908 m | x - 8.092 m<br>y - 2.575 m<br>z - 3.916 m | x - (-8.067) m<br>y - 13.870 m<br>z - 3.921 m | x - 8.130 m<br>y - 13.840 m<br>z - 3.921 m | |

❖ ငလျင်မလှုပ်ခတ်မီ လစဉ်တိုင်းတာစစ်ဆေးချက်များနှင့် ငလျင်လှုပ်ခတ်ပြီး တိုင်းတာစစ်ဆေးခြင်းများအရ Datum Point များ သိသိသာသာ ပြောင်းလဲသွားခြင်း မရှိပါ။

❖ ဆင်းတုတော်ကြီးနှင့် ပလ္လင်တော်ကြီး တိမ်းစောင်းခြင်း၊ နိမ့်ကျခြင်း၊ တွဲဆက်ထားသည့်အပိုင်းများကွဲအက်ခြင်း လုံးဝမရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဆင်းတုတော်ကြီးနှင့် ပလ္လင်တော်ကြီးအား တိုင်းတာစစ်ဆေးခြင်းနှင့် ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် အမှာစကားပြောကြားစဉ်။

# ငလျင်ဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲကျင်းပ

နေပြည်တော် ဧပြီ ၁

ငလျင်ဘေးဒဏ်သင့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ တပေါင်းကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားပြီး အလှူငွေများလက်ခံသည်။

အဆိုပါ အလှူငွေပေးအပ်လှူဒါန်းပွဲသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ စေတနာရှင်အလှူရှင်များ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ငလျင်ဘေးဒဏ်ကျရောက်ခဲ့သည့်အခြေအနေများ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ကူညီထောက်ပံ့ရေးပစ္စည်းများ ပေးပို့မှုအခြေအနေများ၊ ယခုကဲ့သို့ စေတနာထက်သန်စွာဖြင့် လာရောက်လှူဒါန်းမှုများအပေါ် ကျေးဇူးတင်ရှိမှုတို့နှင့် ပတ်သက်၍ ပြောကြားရာတွင် မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သည့် ငလျင်ကြီး ၁၈ ကြိမ်အနက် ၁၉၁၂ ခုနှစ် မေ ၁၃ ရက်တွင် လှုပ်ခတ်ခဲ့သည့် ပြင်းအား ၈ ရစ်(ခ်)တာစကေးရှိ မေမြို့ငလျင်သည် အပြင်းထန်ဆုံးဖြစ်ပြီး ဒုတိယအပြင်းထန်ဆုံးမှာ လက်ရှိဖြစ်ပေါ်ခဲ့သည့် ပြင်းအား ၇ ဒသမ ၇ ရစ်(ခ်)တာစကေးရှိ ငလျင်ဖြစ်ကြောင်း၊ ငလျင်နှင့်ပတ်သက်ပါက အကြိမ်ကြိမ်အဖန်ဖန် လှုပ်ခတ်ခဲ့သည့် သင်ခန်းစာများရှိပြီးဖြစ်သဖြင့် ငလျင်ကြောင့် ဖြစ်ပေါ်လာသည့် ဖြစ်ပျက်မှုများကို သတိပြုရန်နှင့် သင်ခန်းစာရယူနိုင်ရန်လိုကြောင်း၊ ငလျင်လှုပ်ခတ်ပြီးချိန်၌ နေပြည်တော်ကောင်စီနယ်မြေအတွင်း ထိခိုက်မှုများများပြားကြောင်း သိရှိရသည့်အတွက် မိမိအနေဖြင့် ငလျင်လှုပ်ခတ်အပြီး နာရီပိုင်းအတွင်း လှည့်လည် ကြည့်ရှုခဲ့ကြောင်း၊ မြို့တွင်းရှိ အချို့သောလမ်းကြောင်းများ၊ အဆောက်အအုံများ အနေဖြင့် ထိခိုက်ပျက်စီးမှု အလွန်များပြားခဲ့သည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ဖြစ်ပေါ်ခဲ့သည့် ငလျင်ဘေးဒဏ်နှင့်ပတ်သက်၍ မိမိအနေဖြင့် အသိပေးပြောကြားချက်တစ်ခုကို ချက်ချင်းထုတ်ပြန်ပြောကြားခဲ့ကြောင်း၊ ထိုသို့ ထုတ်ပြန်ချိန်တွင် မိမိတို့နိုင်ငံတစ်ခုတည်းအနေဖြင့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်မှာ အချိန်များစွာယူရမည်ဖြစ်သည့်အတွက် ပြည်ပမှ အကူအညီများရရှိစေရေးအတွက်လည်း ထည့်သွင်းပြောကြားခဲ့ကြောင်း။

ထိုသို့ ပြောကြားခဲ့သဖြင့် ငလျင်လှုပ်ခတ်မှု ဖြစ်ပွားအပြီး အချိန်နာရီအတိုင်းအတာ တစ်ခုအတွင်း တရုတ်နိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့အပါအဝင် နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ကူညီထောက်ပံ့ရေးပစ္စည်းများ ရောက်ရှိလာခြင်းကြောင့် ငလျင်ဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်တိုအတွင်း ဝိုင်းဝန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထိုသို့ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ကူညီထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်ပေးခဲ့ခြင်းအတွက် နိုင်ငံတကာကိုလည်း မိမိတို့အနေဖြင့် များစွာကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း၊ အလားတူ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ မလေးရှားနိုင်ငံဝန်ကြီးချုပ်၊ ပါကစ္စတန်နိုင်ငံဝန်ကြီးချုပ်တို့ အနေဖြင့်လည်း လိုအပ်သည့် အကူအညီများပေးအပ်နိုင်ရေး ဖုန်းဖြင့်ဆက်သွယ်ပြောကြားခဲ့သကဲ့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင် အပါအဝင် ကမ္ဘောဒီးယားနိုင်ငံ၊ ဘရူနိုင်းနိုင်ငံ၊ နီကာရာဂွာနိုင်ငံတို့မှ အကြီးအကဲများကလည်း ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားကြောင်း သဝဏ်လွှာများ ပေးပို့ဆက်သွယ်ခြင်းနှင့် အခြားလိုအပ်သည့် အကူအညီများကို ပေးအပ်ခဲ့ကြကြောင်း။

နိုင်ငံတော်အနေဖြင့် ဘီလီယံ ၅၀၀ ကိုမတည်၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း၊ ငလျင်နှင့်ပတ်သက်၍ ၁၉၁၂ ခုနှစ်ခန့်မှ စတင်၍ ငလျင်များလှုပ်ခတ်ခဲ့သည့် သင်ခန်းစာများ များစွာရရှိခဲ့ပြီးဖြစ်ကြောင်း၊ ငလျင်နှင့်ပတ်သက်၍ အလေးထားပြီး

စာမျက်နှာ ၅ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားတက်ရောက်လာကြသူများ နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက် တစ်နိုင်ငံလုံးအတိုင်းအတာလှုပ်ရှားမှုအဖြစ် တစ်မိနစ်ငြိမ်သက်စွာရပ်တန့်၍ တစ်နိုင်ငံလုံးမှ ပြည်သူလူထုနှင့်အတူ ဦးညွှတ်ဂါရဝပြုကြစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် စေတနာရှင်အလှူရှင်များ၏ အလှူငွေပေးအပ်မှုကို လက်ခံရယူစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် စေတနာရှင်အလှူရှင်များ၏ အလှူငွေပေးအပ်မှုကို လက်ခံရယူစဉ်။

စာမျက်နှာ ၄ မှ

ဆောင်ရွက်ရန် လိုအပ်ချက်များရှိသည်ကိုတွေ့ရကြောင်း၊ အဆောက်အအုံများနှင့် ပတ်သက်၍လည်း အဆောက်အအုံများ ဆောက်လုပ်ရာတွင် ဖြစ်ပေါ်လာနိုင်မည့် ငလျင်ဒဏ်ကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ ဆောင်ရွက်ခဲ့သည်များရှိခြင်းကြောင့် ယခုဖြစ်ပေါ်ခဲ့သည့် ငလျင်သဘာဝဘေးတွင် မလိုလားအပ်ဘဲ သေဆုံးခဲ့ရမှုများ၊ ဒဏ်ရာရရှိခဲ့ရမှုများနှင့် အပျောက်အဆုံးများရှိခဲ့ရကြောင်း၊ ယနေ့ နံနက် ၈ နာရီအချိန်အထိ စာရင်းကောက်ယူမှုများအရ ငလျင်ဘေးဒဏ်ကြောင့် သေဆုံးခဲ့ရသူ ၂၇၁၉ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၄၅၂၁ ဦး၊ ပျောက်ဆုံးနေသူ ၄၄၁ ဦး ရှိသည်ဟုသိရှိရပြီး ကယ်ဆယ်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိအနေဖြင့် ငလျင် ဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့စဉ် ငလျင်သဘာဝဘေးဒဏ်သည် အင်ဂျင်နီယာပိုင်းဆိုင်ရာအတွက် ကြီးမားသည့် စိန်ခေါ်မှုပင် ဖြစ်ကြောင်း၊ အင်ဂျင်နီယာ ရှုထောင့်အရ အဆောက်အအုံများ တည်ဆောက်




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ငလျင်ဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် စေတနာရှင်အလှူရှင်များ၏ အလှူငွေပေးအပ်မှုကို လက်ခံရယူစဉ်။


ရာတွင် စနစ်တကျတွက်ချက်ဆောက်လုပ်သင့်သည်ကို သင်ခန်းစာ ဖော်ထုတ်ရရှိခဲ့ကြောင်း၊ ယနေ့ နံနက်ပိုင်းတွင် မိမိအနေဖြင့် မာရဝိဇယ ရပ်ပွားတော်မြတ်ကြီး၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး မာရဝိဇယဆင်းတုတော်ကြီးနှင့် ပလ္လင်တော်ကြီးတို့ အနေဖြင့် တိမ်းစောင်းခြင်း၊ နိမ့်ကျခြင်း၊ တွဲဆက်ထားသည့် အပိုင်းများ ကွဲအက်ခြင်းတို့ (လုံးဝ) မရှိခဲ့ကြောင်းနှင့် အခြားသာသနိက အဆောက်အအုံများတွင် ထိခိုက်ပျက်စီးမှု အနည်းငယ်သာ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိခဲ့ရကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်စဉ်ကတည်းကပင် ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် လေပြင်းတိုက်ခတ်မှုဒဏ် ခံနိုင်ရေး၊ မြေငလျင်ဒဏ် ခံနိုင်ရေးနှင့် သဘာဝဘေးဒဏ်အန္တရာယ်များမှ ခံနိုင်မှုရှိစေရေး စနစ်တကျတွက်ချက် တည်ဆောက်ခဲ့မှုနှင့် ခေတ်မီနည်းပညာများ အသုံးပြုတည်ဆောက်ခဲ့မှုကြောင့်ဖြစ်သည်ကို တွေ့ရှိရကြောင်း။

ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့်နေရာများတွင် ကနဦးအနေဖြင့် အပျက်အစီးများ ဖယ်ရှား ရှင်းလင်းခြင်းများကို ဆောင်ရွက် ရမည်ဖြစ်ကြောင်း၊ ဒုတိယပိုင်းအနေဖြင့် ဆက်သွယ်ရေးလမ်းကြောင်းများ အမြန်ဆုံးယခင်အတိုင်း ပြန်လည်သွားလာနိုင်ရေး ပြုပြင်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ တတိယပိုင်းအနေဖြင့် ပြိုကျနေဆဲဖြစ်သည့် အန္တရာယ်ရှိအဆောက်အအုံများကို ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီး ဆုံးရှုံးခဲ့ရသည့် လမ်းတံတားများ၊ နိုင်ငံပိုင် အဆောက်အအုံများ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက်ဖြင့် ဆက်လက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ၁၂ နာရီ ၅၁ မိနစ် ၀၂ စက္ကန့်အချိန်တွင် နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်း အထိမ်းအမှတ် နေ့ရက် တစ်နိုင်ငံလုံးအတိုင်းအတာလှုပ်ရှားမှုအဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ စေတနာရှင်၊ အလှူရှင်များ၊ တက်ရောက်လာကြသူများသည် တစ်မိနစ်ငြိမ်သက်စွာ ရပ်တန့်၍ တစ်နိုင်ငံလုံးမှ ပြည်သူလူထုနှင့်အတူ ဦးညွှတ်ဂါရဝပြုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က ဆက်လက် ပြောကြားရာတွင် အဆောက်အအုံများနှင့်ပတ်သက်၍ အချို့အာမခံလုပ်ငန်းများ ဆောင်ရွက်ထားသည့် အဆောက်အအုံများအား အာမခံလျော်ကြေးငွေများနှင့် အဆောက်အအုံများ ဖျက်သိမ်းခွင့် ရရှိရေးအတွက်

စာမျက်နှာ ၆ သို့




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး ငလျင်ဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် စေတနာရှင်အလှူရှင်များ၏ အလှူငွေပေးအပ်မှုကို လက်ခံရယူစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦး ငလျင်ဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် စေတနာရှင်အလှူရှင်များ၏ အလှူငွေပေးအပ်မှုကို လက်ခံရယူစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း ငလျင်ဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် စေတနာရှင်အလှူရှင်များ၏ အလှူငွေပေးအပ်မှုကို လက်ခံရယူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစော လျှော်ဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် စေတနာရှင်အလှူရှင်များ၏ အလှူငွေပေးအပ်မှုကို လက်ခံရယူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့် ငလျင်ဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်ရန် စေတနာရှင်အလှူရှင်များ၏ အလှူငွေ ပေးအပ်မှုကို လက်ခံရယူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေး ငလျင်ဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ် ရေးလုပ်ငန်းများဆောင်ရွက်ရန် စေတနာရှင်အလှူရှင်များ၏ အလှူငွေပေးအပ်မှုကို လက်ခံရယူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပိုးရယ်အောင်သိန်း ငလျင်ဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် စေတနာရှင်အလှူရှင်များ၏ အလှူငွေပေးအပ်မှုကို လက်ခံရယူစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာ မှုထန် ငလျင်ဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် စေတနာရှင်အလှူရှင်များ၏ အလှူငွေပေးအပ်မှုကို လက်ခံရယူစဉ်။



ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ငလျင်ဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် စေတနာရှင်အလှူရှင်များ၏ အလှူငွေ ပေးအပ်မှုကို လက်ခံရယူစဉ်။

**စာမျက်နှာ ၅ မှ**

ဆောင်ရွက်သွား ရန်လိုကြောင်း၊ နိုင်ငံတော်အပိုင်းကလည်း တတ်နိုင်သလောက် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကတည်ဆောက်ရေး လုပ်ငန်းများအတွက်လည်း နိုင်ငံတော်အနေဖြင့် တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း၊ ယခုအခမ်းအနားသို့ မလာရောက်မီ မိမိအနေဖြင့် လွှတ်တော် အဆောက်အအုံများ ငလျင်ဘေးဒဏ်သင့်ခဲ့ရမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ပျက်စီးဆုံးရှုံးမှုပမာဏ ကြီးမားသည့်အတွက် များစွာပြန်လည်ပြုပြင်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

ယခုကဲ့သို့ ငလျင်ဒဏ်ကြောင့် ထိခိုက်မှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် နိုင်ငံတော်အတွက် စီးပွားရေးကဏ္ဍကိုလည်း တိုးတက်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းရှင်များအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ငွေကြေးတတ်နိုင်သူများ အနေဖြင့် တောင်သူ လယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်စေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း။

အလားတူ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် တည်ငြိမ်အေးချမ်းမှုရှိရန်လည်းလိုကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် စီးပွားရေးအရဖွံ့ဖြိုးတိုးတက်မှုများကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ သို့သော်လည်း အကြမ်းဖက်အဖျက်သမားများ အနေဖြင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်စေရေးအပြင် အခြားသော အဖျက်အမှောင့်လုပ်ရပ်များကိုလုပ်ဆောင်နေမှုများရှိကြောင်း၊ ငလျင်ဘေးဒဏ်ကြောင့် လက်နက်ကိုင်အဖွဲ့များအနေဖြင့် နှစ်ပတ် အပစ်အခတ်ရပ်စဲမည်ဟု ထုတ်ပြန်ထားကြောင်း၊ တပ်မတော်အနေဖြင့် မည်သည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့စခန်းကိုမျှ ဦးစွာတိုက်ခိုက်ခဲ့ခြင်းမရှိဘဲ ၎င်းတို့လာရောက်တိုက်ခိုက်မှသာလျှင် လိုအပ်သည့် တုံ့ပြန်မှုများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ **လက်တွေ့ကျကျ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန်အတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအားလုံးကို တွေ့ဆုံဆွေးနွေးရန်** အမြဲဖိတ်ခေါ် တံခါးဖွင့်ထားလျက်ရှိပြီးဖြစ်ကြောင်း၊ တိုင်းရင်းသားပြည်သူအားလုံး ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု၏ အရသာကို ခံစားနိုင်ရေး ရိုးသားပွင့်လင်းစွာဆွေးနွေးသွားကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ လက်နက်ကိုင်အဖွဲ့များအနေဖြင့် ငြိမ်းချမ်းရေးလမ်းစဉ်များအတိုင်း အမှန်တကယ် လိုက်နာဆောင်ရွက်ကြရန်လိုကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံရေးအရဖြစ်ပေါ်လာသည့် ပြဿနာကို အကြမ်းဖက်သည့်နည်းလမ်းဖြင့် ဖြေရှင်းရန် ရွေးချယ်ခဲ့ကြခြင်းဖြစ်ပြီး မိမိတို့အနေဖြင့် ချမှတ်ထားသည့် လုပ်ငန်းစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အချို့သောတိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအနေဖြင့် လက်ရှိအခြေအနေတွင် တိုက်ပွဲဖော်ဆောင်ခြင်းများမရှိသော်လည်း တိုက်ခိုက်မှုများလုပ်ဆောင်ရန်အတွက် စုဖွဲ့ခြင်း၊ လေ့ကျင့် ပြင်ဆင်ခြင်းများလုပ်ဆောင် နေကြသည်ကို မိမိတို့အနေဖြင့် သိရှိပြီးဖြစ်ပြီး ထိုသို့ ဆောင်ရွက်နေခြင်းသည် တိုက်ခိုက်ခြင်းပင် ဖြစ်သဖြင့် တပ်မတော်အနေဖြင့် လိုအပ်သည့် ကာကွယ်ရေးဆိုင်ရာလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အချုပ်အားဖြင့်ဆိုရပါက ယခုကဲ့သို့ ငလျင်ဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စာနာထောက်ထားမှုအပြည့်ဖြင့် လာရောက်လှူဒါန်းမှုပြုကြသည့် စေတနာရှင်အလှူရှင်များ၊ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ တိုင်းပြည်တည်ဆောက်ရေး လုပ်ငန်းများတွင် ယခုထက်ပို၍ ပါဝင်ဆောင်ရွက်နိုင်ပါစေကြောင်းနှင့် စီးပွားရေးလုပ်ငန်းများ ယခုထက်ပိုမိုတိုးတက်ပါစေရန် ဆုတောင်းမေတ္တာပြုပါကြောင်း ပြောကြားသည်။

ထို့နောက် ငလျင်ဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လက်ခံရယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်ပြီး စေတနာရှင် အလှူရှင်များ၊ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများက အလှူငွေများ ဆက်လက်ပေးအပ်လှူဒါန်းကြရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး ညိုစော၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးဝဏ္ဏမောင်လွင်၊ ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ ခွန်စံလွင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်တို့က အသီးသီး လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတနာရှင်၊ အလှူရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ယနေ့ နေပြည်တော်တွင် ကျင်းပပြုလုပ်သည့် ငလျင်ဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် ငွေသား ၁၀၄ ဒသမ ၄၄ ဘီလီယံ၊ အလှူပစ္စည်း ၁၂ ဒသမ ၄ ဘီလီယံ၊ စုစုပေါင်း ၁၁၆ ဒသမ ၈၄ ဘီလီယံကို လက်ခံရရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် အင်အားပြင်းမြေငလျင်ကြောင့် ပျက်စီးဆုံးရှုံးရမှုများနှင့် ပတ်သက်၍ နိုင်ငံတကာမှ နိုင်ငံ့ခေါင်းဆောင်များ၊ အကြီးအကဲများနှင့် ဘာသာရေးအသင်းအဖွဲ့အကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာများ ဆက်လက်ပေးပို့

နေပြည်တော် ဧပြီ ၁

၂၀၂၅ ခုနှစ်၊ မတ် ၂၈ ရက်တွင် အင်အားပြင်းငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးမှုများ၊အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ အမြောက်အမြား ဖြစ်ပေါ်ခဲ့ခြင်းအတွက် နိုင်ငံ (၇)နိုင်ငံမှ နိုင်ငံ့ခေါင်းဆောင်များ၊ အကြီးအကဲများနှင့် ဘာသာရေးအသင်းအဖွဲ့များက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာများ ဆက်လက်ပေးပို့ကြသည်။ အင်အားပြင်းငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ အမြောက်အမြား ဖြစ်ပေါ်ခဲ့ခြင်းအတွက် ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ သမ္မတ ရှဗ်ကတ် မာဇီရိုရက်ဗ် ကလည်းကောင်း၊ တာဂျစ်ကစ္စတန်သမ္မတနိုင်ငံ သမ္မတ အီမိုမ်မာလီ ရာမွန် ကလည်းကောင်း၊ နီပေါနိုင်ငံဝန်ကြီးချုပ် ကေပီ ရှာမာအိုလီ ကလည်းကောင်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဖိထောင်တန် ရှင်နာဝပ်ထရာ ကလည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကြားဖြတ်အစိုးရ အကြီးအကဲဖြစ်သူ အကြံပေးပုဂ္ဂိုလ်ချုပ် မိုဟာမက်ယူနွတ်ကလည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ မကာအို အထူးအုပ်ချုပ်ရေးဒေသအုပ်ချုပ်ရေးမှူး မစ္စတာ ဆန်ဟောင်ဖန် ကလည်းကောင်း၊ သီရိလင်္ကာ အမရပူရ မဟာသံဃာအသင်း၏ အထွေထွေအတွင်းရေးမှူးချုပ် ဆရာတော် ဗလာပိတိယ သီရိသီဝလီ နာရခဲသဲရာ ကလည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

အဆိုပါ သဝဏ်လွှာများတွင် မြန်မာနိုင်ငံအနေဖြင့် ပြင်းထန်သည့် ငလျင်ဒဏ်ခံစားခဲ့ရပြီး အသက်အိုးအိမ်စည်းစိမ် အများအပြား ထိခိုက်ဆုံးရှုံးရသည်ကို သိရှိရသည့်အတွက် များစွာဝမ်းနည်းမိပါကြောင်း၊ ငလျင်ဒဏ်ခံစားရသည့် ပြည်သူများအတွက် ဝမ်းနည်းစိတ်မကောင်းဖြစ်မိပါကြောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက် စာနာထောက်ထားပါကြောင်း၊ ထိခိုက်သူများအားလုံး အပြည့်အဝ ပြန်လည်ကောင်းမွန်စေကြောင်း၊ မြန်မာပြည်သူများ၏ ကြံ့ကြံ့ခံနိုင်ရည်ရှိမှုနှင့် စွမ်းအားရှိမှုတို့ဖြင့် ပိုမို၍ ခိုင်မာအားကောင်းလာမည်ကို ယုံကြည်ပါကြောင်း၊ မြန်မာအစိုးရနှင့် ငလျင်ဒဏ်ခံစားခဲ့ရသည့် ပြည်သူများအား စာနာထောက်ထားပါကြောင်း၊ မြန်မာပြည်သူလူထုအနေဖြင့် မိမိတို့နိုင်ငံကို ပြန်လည်တည်ဆောက်နိုင်ရန် စိတ်ဓာတ်ခွန်အားများ ရရှိလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ယခုကဲ့သို့ စိန်ခေါ်မှုများ ကြုံတွေ့ရသည့်အချိန်တွင် သေဆုံးသူများ၏ ကျန်ရစ်သူမိသားစုဝင်များနှင့်အတူ တစ်သားတည်း ရပ်တည်လျက်ရှိပါကြောင်း၊ ကပ်ဘေးအန္တရာယ်ပြီးပါက မြန်မာနိုင်ငံ၏ ကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများအတွက် တတ်နိုင်သည့် ကူညီထောက်ပံ့မှုများကို ဆောင်ရွက်ပေးရန် အသင့်ရှိပါကြောင်း၊ ယခုကဲ့သို့ ကြေကွဲဝမ်းနည်းရသည့် အခိုက်အတန့်၌ နက်နဲသော ဝိပဿနာဖြင့် အနိစ္စသဘောဖြစ်စဉ်ကို ဆင်ခြင်သုံးသပ်ခဲ့ပြီး မြန်မာနိုင်ငံရှိ ထိခိုက်ခံစားခဲ့ရသူအားလုံး၏ အကျိုးအတွက် ရည်စူး၍ ကုသိုလ်ကောင်းမှုများ ပြုလုပ်ခဲ့ပါကြောင်း၊ နိုင်ငံအချင်းချင်းအကြား မြင့်မြတ်သော ဆက်နွယ်မှုသည် အပြန်အလှန် စိတ်ပိုင်းဆိုင်ရာ၊ ကရုဏာ၊ ဉာဏ်ပညာနှင့် စည်းလုံးညီညွတ်မှုတို့ကို အားဖြည့်ပေးလျက်ရှိပါကြောင်း တို့ဖြင့် ဝမ်းနည်းစိတ်မကောင်းမှုများကို အသီးသီးဖော်ပြထားကြကြောင်း သိရသည်။

သတင်းစဉ်

---

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ်
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ
နေပြည်တော်

အဆွေတော်ဥက္ကဋ္ဌကြီးခင်ဗျား

မြန်မာနိုင်ငံ၌ ဖြစ်ပွားခဲ့သည့် အင်အားပြင်းငလျင်ကြောင့် ကြေကွဲဖွယ် အသက်ဆုံးရှုံးမှုများနှင့် အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိမှုများကို ကြားသိရ၍ မိမိတို့အနေဖြင့် အထူးကြေကွဲဝမ်းနည်းရပါသည်။

ယခုကဲ့သို့ ခက်ခဲသောအချိန်တွင် မိမိတို့၏ အလွန်အမင်း ဝမ်းနည်းပူဆွေးမှုနှင့် စိုးရိမ်ပူပန်မှုများကို အဆွေတော်နှင့် ရင်းနှီးဖော်ရွေသည့် မြန်မာနိုင်ငံသားများထံသို့ ပို့သအပ်ပါသည်။

မိမိတို့အနေဖြင့် ငလျင်ဘေးဒဏ်သင့် ပြည်သူများ၏ ချစ်ခင်ရသူများ၊ မိသားစုများနှင့်အတူ အတူရှိမှုနှင့် ထပ်တူခံစားရမှုကို ၎င်းတို့ထံသို့ အသိပေးပြောကြားစေလိုပါသည်။ မိမိတို့အနေဖြင့် ထိခိုက်ဒဏ်ရာရသူများ၊ အမြန်ဆုံးနှင့် အပြည့်အဝ ပြန်လည်သက်သာကောင်းမွန်လာစေရန် ဆန္ဒပြုအပ်ပါသည်။

ကြေကွဲဝမ်းနည်းမှုများစွာဖြင့်

ရှဗ်ကတ် မာဇီရိုရက်ဗ်
သမ္မတ
ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ

---

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ်
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ
နေပြည်တော်

အဆွေတော်

လူအသက်ဆုံးရှုံးမှုများ၊ ပစ္စည်းများဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သော ငလျင်လှုပ်ခတ်မှုကို ကြားသိရသည့်အတွက် စိတ်မကောင်းဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ နီပေါပြည်သူများနှင့် နီပေါအစိုးရကိုယ်စား အဆွေတော်နှင့် အဆွေတော်မှတစ်ဆင့် မြန်မာအစိုးရနှင့် ငလျင်ဒဏ်ခံစားခဲ့ရသည့် ပြည်သူများအား စာနာထောက်ထားကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများအနေဖြင့် ယခုကဲ့သို့ဝမ်းနည်းဖွယ်ရာအဖြစ်အပျက်ကို ဆောလျင်စွာ ဖြတ်ကျော်နိုင်မည်ဟု ယုံကြည်သည်။ ယခုကဲ့သို့ နီပေါနိုင်ငံအစိုးရနှင့် ပြည်သူများသည် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများနှင့်အတူ အတူတကွရပ်တည်လျက်ရှိပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ကေပီ ရှာမာအိုလီ

---

အဆွေတော်ဝန်ကြီးချုပ်

မြန်မာနိုင်ငံတွင် လူအသက်ပေါင်းများစွာ ဆုံးရှုံးဒဏ်ရာရရှိပြီး အဆောက်အအုံများစွာ ပျက်စီးမှုများဖြစ်ပေါ်စေခဲ့သော ဆိုးရွားသည့် မြေငလျင်လှုပ်မှုသတင်းကို ကြားသိရသည့်အတွက် များစွာဝမ်းနည်းမိပါသည်။

ဤသဘာဝဘေးအန္တရာယ်ကြောင့် ဝမ်းနည်းဖွယ်ရာဖြစ်ပေါ်ခဲ့မှုများအတွက် ကွယ်လွန်သူများ၏ မိသားစုများနှင့် မြန်မာပြည်သူလူထုတစ်ရပ်လုံးအား ဝမ်းနည်းကြောင်းဖော်ပြအပ်ပါသည်။ ထိခိုက်သူများအားလုံး အပြည့်အဝပြန်လည်ကောင်းမွန်စေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

အီမိုမ်မာလီ ရာမွန်
သမ္မတ
တာဂျစ်ကစ္စတန်သမ္မတနိုင်ငံ

---

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်

အဆွေတော်ခင်ဗျား

မြန်မာနိုင်ငံရှိ ဒေသအများအပြား၌ အင်အားပြင်း ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည်ကို ကြားသိရသည့်အတွက် မိမိအနေဖြင့် လွန်စွာဝမ်းနည်း စိတ်မကောင်းဖြစ်မိပါသည်။

ထိုင်းနိုင်ငံအစိုးရနှင့် ထိုင်းပြည်သူများကိုယ်စား အဆွေတော်နှင့် အဆွေတော်မှတစ်ဆင့် ယခုကပ်ဘေးကြောင့် အသက်ဆုံးရှုံးခဲ့ရသူများ၏ မိသားစုဝင်များနှင့် ထိခိုက်ခံရသူများအတွက် ဝမ်းနည်းကြောင်း ဖော်ပြလိုပါသည်။

ယခုကဲ့သို့ ခက်ခဲနေသည့်အချိန်ကာလတွင် မြန်မာအစိုးရ၏ ဘေးအန္တရာယ်ကယ်ဆယ်ရေးနှင့် ထိခိုက်ခံစားခဲ့ရသောဒေသများ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းမှုများအား ထိုင်းနိုင်ငံအစိုးရ၏ မပြောင်းလဲသော ထောက်ခံအားပေးမှုကို ထပ်လောင်းအတည်ပြုလိုပါသည်။ မြန်မာပြည်သူများ၏ ကြံ့ကြံ့ခံနိုင်ရည်ရှိမှုနှင့် စွမ်းအားရှိမှုတို့ဖြင့် မြန်မာနိုင်ငံသည် ယခုဘေးကပ်ဆိုးကြီးကို ကျော်လွှားနိုင်မည့်အပြင် ပိုမို၍ခိုင်မာအားကောင်းလာမည်ဖြစ်ကြောင်း မိမိအနေဖြင့် ယုံကြည်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိကြောင်း ထပ်လောင်းအတည်ပြု ပြောကြားလိုပါသည်။

ဖိထောင်တန် ရှင်နာဝပ်ထရာ
ဝန်ကြီးချုပ်
ထိုင်းနိုင်ငံ

စာမျက်နှာ ၈ သို့ ☆

☆ စာမျက်နှာ ၇ မှ

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ
နေပြည်တော်

အဆွေတော်ခင်ဗျား

မတ်လ ၂၈ ရက်တွင် မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သည့် ပြင်းထန်လျှင်ခံစားခဲ့ရသည့် အဆွေတော်နှင့် မြန်မာပြည်သူများထံသို့ စိတ်မကောင်းကြီးစွာဖြင့် ဝမ်းနည်းကြောင်း ဖော်ပြအပ်ပါသည်။

အသက်ပေါင်းများစွာဆုံးရှုံးမှုသည် မိမိတို့အားလုံးကို ဝမ်းနည်းနာကျင်စေခဲ့ပြီး ငလျင်ဒဏ်သင့် မြန်မာပြည်သူများနှင့် မိသားစုများကို စာနာထောက်ထားကြောင်း ဖော်ပြအပ်ပါသည်။

ပထဝီဝင်အနေအထားအရ နယ်နိမိတ်ချင်းထိစပ်နေရုံသာမက သမိုင်းကြောင်းများကို အတူတကွ မျှဝေပိုင်ဆိုင်သည့် အိမ်နီးချင်းများဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ရင်းနှီးမှုသည် ပိုမိုနက်ရှိုင်းလာလျက်ရှိပါသည်။

ယခုကဲ့သို့ ဝမ်းနည်းဖွယ်ကောင်းသောအချိန်၌ မိမိတို့အနေဖြင့် ထပ်တူပူဆွေးမှုဖြစ်ရပြီး မဆုတ်မနစ်သော ကူညီထောက်ပံ့မှုများကို ပေးအပ်သွားမည်ဖြစ်ပါသည်။

ဘင်္ဂလားဒေ့ရှ် ပြည်သူများသည် အဆွေတော်တို့၏ ဝမ်းနည်းနာကျင်နေမှုများကို ထပ်တူခံစားမျှဝေလျက်ရှိကြောင်းနှင့် ယခုကဲ့သို့သော သဘာဝဘေးအန္တရာယ်မှ ပြန်လည်ထူထောင်ရေး အဆွေတော်၏ ကြိုးပမ်းမှုများတွင် မိမိတို့အနေဖြင့် တတ်နိုင်သမျှ ကူညီဆောင်ရွက်သွားရန် အသင့်ရှိပါသည်။

မိမိ၏ စိတ်အစဉ်၌ ငလျင်ဒဏ်ခံစားရသည့် မြန်မာပြည်သူများနှင့် ၎င်းတို့ မိသားစုဝင်များနှင့်အတူ ရှိနေပါသည်။ အဆွေတော်တို့ အတိတ်က ဆောင်ရွက်ချက်များကဲ့သို့ အဆွေတော်တိုင်းပြည်၏ အင်အား၊ ကြံ့ကြံ့ခံနိုင်မှုတို့နှင့်အတူ မြန်မာပြည်သူလူထုအနေဖြင့် ၎င်းတို့နိုင်ငံကို ပြန်လည်တည်ဆောက်နိုင်ရန် စိတ်ဓာတ်ခွန်အားများ ရရှိလိမ့်မည်ဟု မိမိတို့ ယုံကြည်ပါသည်။

မိုဟာမက်ယူနွတ်
ကြားဖြတ်အစိုးရ အကြီးအကဲဖြစ်သူ အကြံပေးပုဂ္ဂိုလ်ချုပ်
ဘင်္ဂလားဒေ့ရှ်နိုင်ငံ

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ
နေပြည်တော်

အဆွေတော်

အပျက်အစီးကြီးမားသော ငလျင်ဒဏ်ကြောင့် များစွာဆုံးရှုံးရသည့် မြန်မာပြည်သူပြည်သားများအတွက် သီရိလင်္ကာအမရပူရ မဟာသံဃာအသင်းက အလေးအနက်ဝမ်းနည်းမှုကို ဖော်ပြအပ်ပါသည်။ မိမိတို့အနေဖြင့် ကျန်ရစ်သူမိသားစုများ၊ ဒဏ်ရာရသူများနှင့် ဤကြေကွဲဖွယ်ဘေးအန္တရာယ်ကြောင့် ထိခိုက်ခံစားရသူများ အားလုံးတို့အား ဆုတောင်းပေးလျက်ရှိပါသည်။

သီရိလင်္ကာနှင့် မြန်မာနိုင်ငံတို့သည် ဗုဒ္ဓဘာသာအမွေအနှစ်များနှင့် ရာစုနှစ်များစွာကြာသည့် ယဉ်ကျေးမှုသမိုင်းကြောင်းများ နက်ရှိုင်းစွာတည်ရှိသည့် သမိုင်းဝင်ဆက်ဆံရေးဖြစ်ပါသည်။ ၁၅ ရာစုအတွင်း သီရိလင်္ကာနိုင်ငံ၏ ကော့တေးခေတ်တွင် မြန်မာရဟန်းတော်များသည် သီရိလင်္ကာ မဟာထေရ်ထံတွင် သိက္ခာထပ်ရန် သီရိလင်္ကာနိုင်ငံသို့ သွားရောက်ခဲ့ကြပါသည်။ လွန်ခဲ့သော နှစ်ပေါင် ၂၃၀ ကျော်က သီရိလင်္ကာရဟန်းများသည် မြန်မာနိုင်ငံသို့ သွားရောက်၍ အမရပူရမြို့၊ မန္တလေးတွင် သိက္ခာထပ်ခြင်းကို ပြုလုပ်ခဲ့ကြပြီး သီရိလင်္ကာနိုင်ငံ၌ အမရပူရနိကာယကို တည်ထောင်ခဲ့သည်မှာ ယနေ့တိုင် တည်ရှိဆဲဖြစ်ပါသည်။

ယခုကဲ့သို့ ကြေကွဲဝမ်းနည်းရသည့်အခိုက်အတန့်၌ နက်နဲသော ဝိပဿနာဖြင့် အနိစ္စသဘောဖြစ်စဉ်ကို ဆင်ခြင်သုံးသပ်ခဲ့ပြီး မြန်မာနိုင်ငံရှိ ထိခိုက်ခံစားခဲ့ရသူအားလုံး၏ အကျိုးအတွက် ရည်စူး၍ ကုသိုလ်ကောင်းမှုများ ပြုလုပ်ခဲ့ပါသည်။ မြန်မာနိုင်ငံရှိ ဘုရားစေတီများ ပျက်စီးဆုံးရှုံးရမှုများကို မီဒီယာမှတစ်ဆင့် သိရှိရပြီး ဤသည်မှာ မမြဲခြင်း၏ လက်တွေ့ကျသော ဥပမာတစ်ရပ်ဖြစ်ပါသည်။

မိမိတို့နှစ်နိုင်ငံအကြား မြင့်မြတ်သော ဆက်နွှယ်မှုသည် အပြန်အလှန် စိတ်ပိုင်းဆိုင်ရာ၊ ကရုဏာ၊ ဉာဏ်ပညာနှင့် စည်းလုံးညီညွတ်မှုတို့ကို အားဖြည့်ပေးလျက်ရှိပါသည်။ ယခုကဲ့သို့ ခက်ခဲသောအချိန်တွင် မြန်မာနိုင်ငံရှိ ထိခိုက်ခံစားရသူများအားလုံးနှင့်အတူ ရပ်တည်လျက်ရှိပါသည်။ ဗုဒ္ဓတရားတော်ကို နှလုံးသွင်း၍ စိတ်အေးချမ်းမှုရရှိရန် တိုက်တွန်းအပ်ပါသည်။

သီရိလင်္ကာအမရပူရ မဟာသံဃာအသင်းအနေဖြင့် ထိခိုက်ဒဏ်ရာရရှိသူများအတွက် အကူအညီများပေးအပ်ရေး ကတိကဝတ်ပြုလျက် ၎င်းတို့အနေဖြင့် ခွန်အား၊ ကြံ့ကြံ့ခံနိုင်မှုနှင့် ငြိမ်းချမ်းမှုတို့ကို ရရှိပါစေရန် အသင်းအနေဖြင့် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ဆရာတော် ဗလာပိတိယ သီရိသီဝလိ နာရခဲသဲရာ (Balapitiye Siriseewali Nayake Thera)
အထွေထွေ အတွင်းရေးမှူးချုပ်
သီရိလင်္ကာအမရပူရ မဟာသံဃာအသင်း

အဆွေတော် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

မြန်မာနိုင်ငံတွင် ပြင်းထန်သည့် ငလျင်လှုပ်ခတ်မှုကြောင့် အသက်ဆုံးရှုံးမှုများ၊ ထိခိုက်ဒဏ်ရာရမှုများ၊ ပစ္စည်းဥစ္စာ ပျက်စီးမှုများ၊ အခြေခံအဆောက်အအုံ ပျက်စီးမှုများ ဖြစ်ပွားခဲ့သည်ကို ဝမ်းနည်းစွာ သိရှိရပါသည်။ မကာအိုအထူးအုပ်ချုပ်ရေးဒေသအစိုးရနှင့် ပြည်သူများ၏ကိုယ်စား ငလျင်ဒဏ်ခံစားရသူများ၊ ထိခိုက်ဒဏ်ရာရသူများနှင့် သေဆုံးသူများ၏ ကျန်ရစ်သူမိသားစုဝင်များအတွက် စာနာထောက်ထားမှုကို လက်ခံပေးစေလိုပါသည်။ ကယ်ဆယ်ရေးလုပ်ငန်းအတွက် အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည့် ကယ်ဆယ်ရေးလုပ်သားများအား များစွာလေးစားမှုကို ဖော်ပြလိုပါသည်။

မြန်မာနိုင်ငံနှင့် မကာကိုဒေသတို့အကြား ချစ်ကြည်ရင်းနှီးမှုမှာ လေးနက်လျက်ရှိပြီး ပြည်သူများအကြား နီးကပ်စွာအပြန်အလှန်ထိတွေ့ဆက်ဆံမှုရှိပါသည်။ ယခုကဲ့သို့ စိန်ခေါ်မှုများကြုံတွေ့ရသည့် အချိန်တွင် သေဆုံးသူများ၏ ကျန်ရစ်သူ မိသားစုဝင်များနှင့်အတူ မကာအိုဒေသ ပြည်သူများအနေဖြင့် တစ်သားတည်းရပ်တည်လျက်ရှိပါသည်။ ကြီးမားသော ငလျင်လှုပ်ခတ်မှု၊ သဘာဝဘေးအန္တရာယ်ကြောင့် ပြည်သူများ ထိခိုက်မှုနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ၏ နောက်ဆုံးဖြစ်ပေါ် တိုးတက်မှုတို့အပေါ် မိမိတို့၏စိုးရိမ်ပူပန်မှု တစ်သားတည်းခံစားရမှုကို ထပ်လောင်း အသိပေးလိုပါသည်။ ကပ်ဘေးအန္တရာယ်ပြီးပါက မြန်မာနိုင်ငံ၏ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ တည်ဆောက်ရေးလုပ်ငန်းများအတွက် တတ်နိုင်သည့် ကူညီထောက်ပံ့မှုများကို ဆောင်ရွက်ပေးရန် အသင့်ရှိပါသည်။

ဤကပ်ဘေးဒဏ်ခံရသူများနှင့် ထိခိုက်ဒဏ်ရာရသူများအနေဖြင့် အမြန်ဆုံးပြန်လည် နာလန်ထူနိုင်ရေး ဆုတောင်းလိုပါသည်။ ယခုကဲ့သို့ ခက်ခဲသည့် ကာလအတွင်း မြန်မာပြည်သူများနှင့် အတူရှိပါသည်။ မြန်မာပြည်သူများအနေဖြင့် ကုစားမှုနှင့် ပြန်လည်တည်ဆောက်မှုဆိုင်ရာ ခက်ခဲသည့် လုပ်ငန်းတာဝန်များကို ရင်ဆိုင်ရန် အင်အားရှိစေလိုပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

မစ္စတာ ဆန်ဟောင်ဖန်
မကာအိုအထူးအုပ်ချုပ်ရေးဒေသအုပ်ချုပ်ရေးမှူး

## အထူးဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားကြောင်း ထုတ်ပြန်ခြင်း

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် မန္တလေးမြို့၏ အရှေ့မြောက်ဘက် ၂၁ ကီလိုမီတာခန့် ကွာဝေးသောနေရာကိုဗဟိုပြု၍ မြန်မာနိုင်ငံအတွင်း လှုပ်ခတ်သွားသည့် အင်အားအလွန် ပြင်းထန်သော ငလျင်ဒဏ်ကြောင့် သေဆုံးထိခိုက်ဒဏ်ရာရရှိမှုများ၊ သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများအတွက် ရန်ကုန်ယူနန် လူမှုကူညီရေးအသင်းမှ အထူးဝမ်းနည်းခြင်းဖြစ်ရပြီး ဆုံးရှုံးနစ်နာမှုများအပေါ် စာနာထောက်ထားရပါကြောင်းနှင့် ငလျင်ဘေးဒဏ်သင့် ပြည်သူလူထုအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် မိမိတို့အသင်းမှ တတ်စွမ်းသမျှ ပါဝင်ကူညီဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ထုတ်ပြန်အပ်ပါသည်။

ရန်ကုန်ယူနန်လူမှုကူညီရေးအသင်း
၂၀၂၅ ခုနှစ်၊ မတ်လ ၃၀ ရက်

## ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဧပြီ ၁

မြန်မာနိုင်ငံ၌ မတ် ၂၈ ရက် က အင်အားပြင်းထန်စွာ လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာ ခံစားခဲ့ရသည့် တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတွင် ဧပြီ ၁ ရက်အထိ သေဆုံးသူ ၂၇၉၀၊ ထိခိုက်ဒဏ်ရာရရှိသူ ၄၄၃၉ ဦးနှင့် ပျောက်ဆုံးသူ ၄၁၃ ဦး ရှိခဲ့ကြောင်း သိရသည်။

ဘေးသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပမှ စေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ နိုင်ငံပေါင်း ခုနစ်နိုင်ငံမှ လေယာဉ်စင်းရေ ၁၄ စင်း တို့ဖြင့် ရှာဖွေကယ်ဆယ်ရေး အဖွဲ့ဝင် ၃၃၈ ဦး၊ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းသုံးပစ္စည်းနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်း တန်ချိန် ၁၂၅ ဒသမ ၄ တန် ဆိုက်ရောက်ခဲ့ကြောင်း သိရသည်။

အဆို ရှာဖွေကယ်ဆယ်ရေး အဖွဲ့ဝင်များသည် လိုအပ်သည့် ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ သွားရောက်ဆောင်ရွက်ပေးလျက်ရှိပြီး ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံး ထောက်ပံ့ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

သတင်းစဉ်

■

## အင်အား အနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဧပြီ ၁

ယနေ့ည ၉ နာရီ ၅၇ မိနစ် ၄၂ စက္ကန့်အချိန်တွင် နေပြည်တော်ငလျင်စခန်းမှ မြောက်ဘက် ၂၄ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (တပ်ကုန်းမြို့၏ အနောက်ဘက် ငါးမိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၀ ဒသမ ၁၃ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၁၃ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၄ ဒသမ ၆ အဆင့်ရှိ အင်အား အနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

# နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက် အခမ်းအနားကျင်းပ



နေပြည်တော် ဧပြီ ၁

မတ် ၂၈ ရက်တွင် အင်အားပြင်းငလျင် လှုပ်ခတ်ခဲ့မှုကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် စာနာနားလည်မှုများနှင့်အတူ ထပ်တူခံစားလျက် နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်း အထိမ်းအမှတ် နေ့ရက်အဖြစ် မတ် ၃၁ ရက်မှ ဧပြီ ၆ ရက်အထိ ခုနစ်ရက်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက သတ်မှတ်ကြေညာခဲ့ပြီး ဖြစ်သည်။

**ဦးညွှတ်ဂါရဝပြု**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တရားရုံးဝန်ထမ်းများက ပြည်ထောင်စု တရားလွှတ်တော်ချုပ်ဝန်ထမ်းများနှင့် ပြည်သူများခံစားခဲ့ရသည့် ယခုကဲ့သို့ ဝမ်းနည်းဖွယ်ရာဖြစ်ရပ်များ၊ ထိခိုက်ဒဏ်ရာရမှုများနှင့် အသက် ဆုံးရှုံးမှုများအတွက် စာနာနားလည်မှုများနှင့် အတူ မိသားစုများအားလုံးနှင့် ထပ်တူခံစားလျက် ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် ဧပြီ ၁ ရက်က ပြည်ထောင်စု တရားလွှတ်တော်ချုပ် အလံတိုင်ရှေ့မှောက်၌ တစ်မိနစ် ငြိမ်သက်စွာရပ်တန့်၍ ဦးညွှတ်ဂါရဝပြုသည့် အခမ်းအနားကို ကျင်းပခဲ့သည်။

ထို့အပြင် ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ ထိခိုက်အသက်ဆုံးရှုံးခဲ့သော ဝန်ထမ်းမိသားစုများအတွက် ဆုတောင်းမေတ္တာပို့သခြင်း၊ ဟွန်းတီးဂါရဝပြုခြင်း၊ အန္တရာယ်ကင်းပရိတ်များ၊ဆုတောင်းစာများရွတ်ဆိုခြင်း၊ အမျှအတန်းပေးဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ ဝမ်းနည်းခြင်းအထိမ်းအမှတ် အခမ်းအနားကျင်းပ



ပဲခူး ဧပြီ ၁

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဝင်းအတွင်း၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဦးဆောင်၍ မတ် ၂၈ ရက်တွင် အင်အားပြင်းငလျင် လှုပ်ခတ်ခဲ့မှုကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ် အခမ်းအနားကို ဧပြီ ၁ ရက်က ကျင်းပသည်။

**တစ်မိနစ်ငြိမ်သက်ဆုတောင်း**

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏အလံအား ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တိုင်ဝက်လျှော့ချလွှင့်ထူခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက မြေငလျင်ဒဏ်ကြောင့် အသက်ဆုံးရှုံးခဲ့ရသည့် ရဟန်းရှင်၊ လူ၊ ပြည်သူအပေါင်းအတွက် တစ်မိနစ်ငြိမ်သက်ဆုတောင်းပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး တစ်ပြိုင်တည်း ဥဩဆွဲခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**တစ်ပြိုင်တည်းဆောင်ရွက်**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ ယနေ့ မြန်မာစံတော်ချိန် ၁၂ နာရီ ၅၁ မိနစ် ၀၂ စက္ကန့်တွင် မြို့နယ် ၂၈ မြို့နယ်ရှိ ဌာနဆိုင်ရာရုံး အဆောက်အအုံများ၊ ဘုရားစေတီများ၊ ဝတ်ပြုကျောင်းများတွင် သက်ဆိုင်ရာဘာသာရေးအလိုက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ဝတ်ပြုဆုတောင်းခြင်းများ တစ်ပြိုင်တည်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ် လှုပ်ရှားမှုများဆောင်ရွက်



ဘားအံ ဧပြီ ၁

မတ် ၂၈ ရက်တွင် အင်အားပြင်းငလျင် လှုပ်ခတ်ခဲ့မှုကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် စာနာနားလည်မှုများနှင့်အတူ ထပ်တူခံစားလျက် မတ် ၃၁ ရက်မှ ဧပြီ ၆ ရက်အထိ ခုနစ်ရက်ကို နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်း အထိမ်းအမှတ် နေ့ရက်အဖြစ် သတ်မှတ်ထားရာ ဧပြီ ၁ ရက်တွင် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်း အထိမ်းအမှတ် လှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့ကြသည်။

**ဆုတောင်းမေတ္တာပို့သ**

ထိုသို့ ဆောင်ရွက်ရာတွင် ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပသည့် အလှူငွေပေးအပ်လှူဒါန်းပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ စေတနာရှင် အလှူရှင်များက ဝမ်းနည်းခြင်း အထိမ်းအမှတ် တစ်မိနစ်ငြိမ်သက်၍ ဦးညွှတ်ဂါရဝပြုခဲ့ကြပြီး တစ်ချိန်တည်းတွင် ပြည်နယ်အတွင်း မြို့နယ်အသီးသီးရှိ ဌာနဆိုင်ရာရုံးများ၊ လမ်းများ၊ အများပြည်သူဆိုင်ရာနေရာများတွင် နိုင်ငံတော်အလံကို တိုင်ဝက်လျှော့ချလွှင့်ထူပြီး ဝမ်းနည်းခြင်းအထိမ်းအမှတ် တစ်မိနစ် ငြိမ်သက်ဂါရဝပြုခြင်း၊ ဝမ်းနည်းခြင်း အထိမ်းအမှတ် ဥဩဆွဲဂါရဝပြုခြင်း၊ သွားလာနေသူများ တစ်မိနစ်ငြိမ်သက်စွာရပ်တန့်၍ ဂါရဝပြုခြင်း၊ ဗုဒ္ဓဘာသာဘုန်းတော်ကြီး ကျောင်းများတွင် ဆုတောင်း မေတ္တာပို့သခြင်း၊ အန္တရာယ်ကင်း ပရိတ်များ၊ ဆုတောင်းစာများရွတ်ဆိုခြင်း၊ အမျှအတန်းပေးဝေခြင်း၊ ခရစ်ယာန်ဘုရားရှိခိုး ကျောင်းများတွင် ဝတ်ပြုဆုတောင်းခြင်း၊ အစ္စလာမ်ဗလီကျောင်းများတွင် ဝမ်းနည်းခြင်း အထိမ်းအမှတ်ဆုတောင်း မေတ္တာပို့သခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

## ဝါးခယ်မမြို့နယ်၌ နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ် ပြည်သူများပူးပေါင်းပါဝင်

ဝါးခယ်မ ဧပြီ ၁

နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ကို တစ်နိုင်ငံလုံးအတိုင်းအတာလှုပ်ရှားမှုအဖြစ် ဧပြီ ၁ ရက် မြန်မာ စံတော်ချိန် ၁၂ နာရီ ၅၁ မိနစ် ၀၂ စက္ကန့်တွင် တစ်ပြိုင်နက် ပြုလုပ်ရာတွင် ဝါးခယ်မမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများအားလုံး ပူးပေါင်းပါဝင် လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်၍ ဦးညွှတ်ဂါရဝပြုခြင်း၊ လှုပ်ရှားသွားလာနေသော ယာဉ်များအနေဖြင့် ၎င်းအချိန်တွင် တစ်မိနစ်ငြိမ်သက်စွာရပ်တန့်၍ ဦးညွှတ်ဂါရဝပြုခြင်း၊ ဥဩဆွဲဂါရဝပြုခြင်း၊ သက်ဆိုင်ရာ ကိုးကွယ်ရာဘာသာအလိုက် ဘုရားစေတီများ၊ ဘုရားကျောင်းများ၊ ဝတ်ပြုနေရာများတွင် ဆုတောင်းမေတ္တာပို့သခြင်း၊ အန္တရာယ်ကင်းပရိတ်များ၊ ဆုတောင်းစာများ ရွတ်ဆိုခြင်းနှင့် အမျှအတန်းပေးဝေခြင်းတို့ကို တစ်ပြိုင်နက်ပူးပေါင်းပါဝင် လုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။

လွှမ်းသီဟ(ဝါးခယ်မ)



သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်၊ ကျေးရွာ/ရပ်ကွက်များ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များနှင့် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များ၌ နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လှူပ်ရှားမှုကျင်းပပြုလုပ်

နေပြည်တော် ဧပြီ ၁

မတ် ၂၈ ရက်တွင် အင်အားပြင်းမြေငလျင်လှုပ်ရှားမှုကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးမှုများအတွက် နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လှုပ်ရှားမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များ၊ ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များ၌ ကျင်းပပြုလုပ်ကြသည်။

ထိုသို့ ကျင်းပပြုလုပ်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၊ ရပ်ကွက်/ကျေးရွာများ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များ၊ ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များ၌ ယနေ့ မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ် ၀၂ စက္ကန့်တွင် နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် နိုင်ငံတော်အလံအား တိုင်ဝက်လျှော့ချ၍ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်စွာ ဦးညွှတ်ဂါရဝပြုခြင်း၊ လှုပ်ရှားသွားလာသူများက ထိုအချိန်တွင် တစ်မိနစ်ငြိမ်သက်စွာ ရပ်တန့်၍ ဦးညွှတ်ဂါရဝပြုခြင်း၊ ဥဩဆွဲဂါရဝပြုခြင်း၊ မီဒီယာများအနေဖြင့် ထုတ်လွှင့်လျက်ရှိသည့် အစီအစဉ်များအား ခေတ္တရပ်ဆိုင်း၍ ဝမ်းနည်းခြင်းအထိမ်းအမှတ် Logo များထုတ်လွှင့်ခြင်း၊ သက်ဆိုင်ရာကိုးကွယ်သည့် ဘာသာအလိုက်ဘုရားစေတီများ၊ဘုရားကျောင်းများ၊ ဝတ်ပြုနေရာများတွင် ဆုတောင်းမေတ္တာပို့သခြင်း၊ အန္တရာယ်ကင်းပရိတ်များ၊ ဆုတောင်းစာများရွတ်ဆိုခြင်းနှင့် အမျှအတန်းပေးဝေခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါနိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လှုပ်ရှားမှုများကို ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက် ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ ပူးပေါင်းပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



လှိုင်ကော်မြို့ သီရိမင်္ဂလာတောင်တော် (တောင်ကွဲစေတီ)၌ ဆရာတော်၊ သံဃာတော်များက ဆုတောင်းမေတ္တာပို့သကြစဉ်။



ခရစ်ယာန်ဘာသာဝင်များက စုပေါင်းဆုတောင်းမေတ္တာပို့သကြစဉ်။



ဟိန္ဒူဘာသာဝင်များက စုပေါင်းဆုတောင်းမေတ္တာပို့သကြစဉ်။



မွတ်ဆလင်ဘာသာဝင်များက စုပေါင်းဆုတောင်းမေတ္တာပို့သကြစဉ်။



ကျိုင်းတုံမြို့၌ နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက်အဖြစ် လှုပ်ရှားမှုပြုလုပ်စဉ်။

## ရေကြည်မြို့နယ်၌ နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်ပြုလုပ်

ရေကြည် ဧပြီ ၁

မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီး ဆုံးရှုံးခဲ့ရမှုများအတွက် နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက်အဖြစ် ဧပြီ ၁ ရက်က ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်းအတွင်း၌ ပြုလုပ်ခဲ့သည်။

### ဦးညွှတ်ဂါရဝပြု

ထိုသို့ပြုလုပ်ရာတွင် တက်ရောက်လာကြသူများက စာနာနားလည်မှုများနှင့်အတူ ထပ်တူခံစားလျက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်စွာ ဦးညွှတ်ဂါရဝပြုခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



☆ စာမျက်နှာ ၃ မှ

ဖြစ်သဖြင့် ရေရှည်တည်တံ့ခိုင်မြဲမှု ရှိစေရေး ဖြစ်ပေါ်လာနိုင်မည့် အခြေအနေများအပေါ် တွက်ချက်၍ စနစ်တကျစီမံခန့်ခွဲ ဆောင်ရွက်သွားရန်လိုကြောင်း၊ ရုပ်ပွားတော်မြတ်ကြီးသည် ထုထည်ပမာဏ ကြီးမားပြီး ဉာဏ်တော်အရလည်း ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များ အနက် ဉာဏ်တော်အမြင့်ဆုံး ဖြစ်သကဲ့သို့ အဂ္ဂါမိပတိ သာသနာ့ ဗိမာန်တော်ကြီး သည်လည်း အတွင်း အလယ်ဒေါက်တိုင်လုံးဝ မပါရှိသည့် အတွင်းလိုဏ်သဏ္ဍာန် ဒီဇိုင်းရေးဆွဲ တည်ဆောက်ထားသော ထုထည်ပမာဏကြီးမား သည့် သာသနိကအဆောက်အအုံ ကြီးတစ်ခုဖြစ်ကြောင်း၊ ပြင်းထန်သည့် ငလျင်သဘာဝဘေးဒဏ် သည် အင်ဂျင်နီယာပညာရှင်များ နှင့် အင်ဂျင်နီယာနည်းပညာများ အတွက် ကြီးမားသည့် စိန်ခေါ်မှု ပင်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အလွန် ပြင်းထန်ပြီး ရှားပါးသည့်မြေငလျင် သဘာဝဘေးဒဏ် ကြုံတွေ့ခဲ့ရ ချိန်တွင် မာရဝိဇယဆင်းတုတော် ကြီးနှင့် ပလ္လင်တော်ကြီးတို့အနေ ဖြင့် တိမ်းစောင်းခြင်း၊ နိမ့်ကျခြင်း၊ တွဲဆက်ထားသည့် အပိုင်းများ ကွဲအက်ခြင်းတို့ (လုံးဝ)မရှိခဲ့ခြင်း နှင့် အခြားသာသနိကအဆောက် အအုံများတွင် ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်ခဲ့သည်မှာ မိမိတို့ အတွက် များစွာဝမ်းမြောက် ဂုဏ်ယူရမည်ဖြစ်ပြီး တည်ထား ပူဇော်ရာတွင် ပါဝင်ခဲ့သည့် အင်ဂျင်နီယာ ပညာရှင်များကို လည်း ကျေးဇူးတင်ရှိကြောင်း၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ် ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ် တော်အတွင်းရှိ သာသနိက အဆောက်အအုံများ ရေရှည် တည်တံ့ခိုင်မြဲမှုရှိစေရေး စနစ် တကျဖြင့် ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားသည်။

အဆိုပါ ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များ အနက် ဉာဏ်တော်အမြင့်ဆုံး ဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအား ထုဆစ် ရာတွင် အပိုင်းလိုက်ခွဲကာ CNC စက်များနှင့် အဆင့်ဆင့်ထွင်းထုခဲ့ ခြင်းဖြစ်ကြောင်း၊ ဆင်းတုတော် အပိုင်းများတွဲဆက်ရာတွင် ခိုင်မာ မှုရှိစေရေးအတွက် ခေတ်မီ အင်ဂျင်နီယာ နည်းပညာများနှင့် ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း၊ ရုပ်ပွားတော်မြတ်ကြီး ရေရှည် တည်တံ့ ခိုင်မြဲစေရန်အတွက် တန်ချိန် ၂၀၀၀၀ ထိ ခံနိုင်သည့် အောက်ခံအမာရရှိရေး၊ တစ်နာရီ လေတိုက်နှုန်း မိုင် ၁၂၀ ရှိသည့် လေပြင်းမုန်တိုင်း တိုက်ခတ်မှု ဒဏ်ခံနိုင်ရေး၊ မြန်မာနိုင်ငံတွင် အမြင့်ဆုံး လှုပ်ခတ်နိုင်သည့် Earthquake Magnitude ၈ ဒသမ ၈ အထိ မြေငလျင်ဒဏ်ခံနိုင်ရေးနှင့် လျှပ်စီးမိုးကြိုးများကြောင့် ဆင်းတု တော်ကြီး ထိခိုက်မှုမရှိစေရေးတို့ အတွက် အင်ဂျင်နီယာရှုထောင့်မှ စနစ်တကျတွက်ချက်တည်ဆောက် ခဲ့ခြင်းဖြစ်ကြောင်း၊ ဆင်းတုတော် ကြီး၏ ကျောက်တုံးတော်ကြီးများ ကို တွဲဆက်ခြင်းများ ဆောင်ရွက် ရာတွင်လည်း သမားရိုးကျ နည်းလမ်းများနှင့် ခေတ်မီ အင်ဂျင်နီယာ နည်းလမ်းများ ပေါင်းစပ်တည်ဆောက်ခဲ့ခြင်းဖြစ် ပြီး ဉာဏ်တော် ၆၃ ပေ၊ ပလ္လင်တော် ၁၈ ပေ စုစုပေါင်း ၈၁ ပေ အမြင့် ဆောင်သည့် မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးကို ရတနာပုံ ခေတ်ဟန်အတိုင်း ခေတ်မီနည်း စနစ်ဖြင့်ပေါင်းစပ်ကာ ကြည်ညို စဖွယ် သပ္ပာယ်လှသည့် ကမ္ဘာ့ အကြီးဆုံး ရုပ်ပွားတော်မြတ်ကြီး အဖြစ် အောင်မြင်စွာတည်ထား ပူဇော်နိုင်ခဲ့ခြင်းဖြစ်ပြီး ယခုကဲ့သို့ ပြင်းထန်ငလျင်လှုပ်ခတ်ခဲ့ချိန်တွင် ထိခိုက်ပျက်စီးမှု လုံးဝမရှိခဲ့ခြင်း သည် အင်ဂျင်နီယာပညာရပ် အတွက် ဂုဏ်ယူဖွယ်ရာ တည်ဆောက်နိုင်မှုတစ်ခုပင် ဖြစ် ကြောင်းသိရသည်။ သတင်းစဉ်

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဧပြီ ၁

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက် အင်အားပြင်း မြေငလျင် လှုပ်ရှားမှုကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများသို့ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ Sky Villa မှ အသက်ရှင်လျက် ကယ်ဆယ်လွတ်မြောက်လာသည့် မြေးအဖွား သုံးဦးအား သွားရောက်တွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ အားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။




ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တိုင်းမှူးတို့သည် တာဝန်ရှိသူများနှင့်အတူ နန်းမြို့အတွင်းရှိ ငလျင်ဒဏ်သင့်၍ ပြိုကျပျက်စီးခဲ့သော နန်းမြို့ ဆုတောင်းပြည့်စေတီရှိ ဂန္ဓကုဋိတိုက်နှင့် အာရုံခံတန်ဆောင်း၊ မြနန်းစံကျော် ရွှေနန်းတော်၏ အရှေ့ဘက် အဝင်လမ်းရှိ စွယ်တော်စင်နှင့်ဗဟိုရ်စင်၊ နန်းမြို့ရိုးတို့အား အပျက်အစီး ရှင်းလင်းဖယ်ရှား၍ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လုပ်ဆောင်နေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ မန္တလေးတက္ကသိုလ်၌ ငလျင်ဒဏ်ကြောင့် မီးလောင်ပြိုကျ ပျက်စီးခဲ့သည့် အဆောက်အအုံ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုအခြေအနေကို သွားရောက်ကြည့်ရှုပြီး ဖယ်ရှားရှင်းလင်းရေး ဆောင်ရွက်နေသည့်အဖွဲ့များအား လိုက်လံအားပေးစကားပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့်အဖွဲ့သည် မန္တလေးမြို့ မန္တလာသီရိ အားကစားကွင်းတွင် ယာယီဆေးရုံဖွင့်လှစ်၍ ငလျင်ဒဏ်သင့်ပြည်သူများအား ရုရှားနိုင်ငံ ဆေးအကူအညီပေးရေးအဖွဲ့က ဆေးကုသပေးရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ဆေးကုသပေးနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့်အဖွဲ့သည် တံတားဦး လေဆိပ်သို့ သွားရောက်၍ အိန္ဒိယနိုင်ငံက ပေးပို့လှူဒါန်းသော ငလျင်ဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများအား သွားရောက်ကြည့်ရှုကာ ကျေးဇူးတင်စကား ပြောကြားပြီး လာရောက်ပေးပို့လှူဒါန်းသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ မဟာအောင်မြေမြို့နယ်ရှိ မစိုးရိမ်တိုက်သစ်တို့ရောက်ရှိပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသအား ဖူးမြော်၍ ဩဝါဒများ ခံယူကာ ဆရာတော်၊ သံဃာတော်များအတွက် အိန္ဒိယနိုင်ငံအစိုးရက ပေးပို့လှူဒါန်းသည့် ထောက်ပံ့ပစ္စည်းများကို အိန္ဒိယနိုင်ငံသံရုံးအဖွဲ့ ဒုတိယအကြီးအကဲ Mr.Ashish Sharama၊ မန္တလေးမြို့အခြေစိုက် အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် Mr. Sundeep Kaushal နှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းခဲ့ကြသည်။

ယင်းနောက်ညနေပိုင်းတွင် မန္တလေးမြို့ နန်းမြို့ရိုး အနောက်ဘက်သို့ သွားရောက်၍ ဆည်ရှည်တံတား၏ထိပ်လမ်း ၈၀ ဘေးတွင် ငလျင်ဒဏ်သင့် ပြည်သူများ ယာယီနေထိုင်မှု အဆင်ပြေစေရန်ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်မှ ရွက်ဖျင်တဲများ ဆောက်လုပ်ပေးနေသည့် နေရာကိုလည်းကောင်း၊ ငလျင်ဒဏ်သင့်၍ ပြိုကျပျက်စီးခဲ့သည့် Golden City ဟိုတယ်တွင် နိုင်ငံတကာ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို လည်းကောင်း၊ ချမ်းမြသာစည် လေယာဉ်ကွင်းအဟောင်းရှိ ယာယီဆေးကုသဆောင်တွင် အိန္ဒိယနိုင်ငံ ဆေးအကူအညီပေးရေးအဖွဲ့မှ ဆေးကုသပေးရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ဆေးကုသပေးနေမှုများကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလားတူ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကြည်သိုက်နှင့် တာဝန်ရှိသူများသည် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ မြေငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော သမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီးနှင့် သမိုင်းဝင် မဟာအောင်မြေရှိ ကောင်းမှုတော်စေတီတော်မြတ်ကြီးတို့၌ လူ/ယာဉ်/စက်ယန္တရားကြီးများဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ တောင်ငူမြို့ရှိ ခပေါင်းတံတား ပျက်စီးမှုအခြေအနေများနှင့် ရန်ကုန်-မန္တလေး အမြန်လမ်း ၁၆၅ မိုင်ရှိ ဆွာချောင်း တံတားပျက်စီးမှု အခြေအနေများနှင့် တံတားပြန်လည်ပြုပြင်နေမှု အခြေအနေများကိုလည်းကောင်း၊ ဖြူးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဖြူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးနှင့် ဖြူးမြို့ ဘူတာရုံ၊ ရန်ကုန်-မန္တလေး အမြန်လမ်း(လမ်းဟောင်း)၊ ၁၂၇ မိုင် ၅ ဖာလုံရှိ ပျက်စီးသွားသော တံတားများ ပြန်လည်ပြင်ဆင်နေမှု၊ ရန်ကုန်- မန္တလေး အမြန်လမ်း ၁၁၄ မိုင်ရှိ ဖြူးချောင်း တံတားပြန်လည်ပြုပြင်နေမှုနှင့် အုတ်တွင်းမြို့ ဘူတာရုံ၌ ရထားသံလမ်းများ ပျက်စီးနေမှု အခြေအနေများကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့အပြင် နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်တို့ရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့်နေရာများ၌ လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ရေးဟောင်းသမိုင်းဝင် သီရိမင်္ဂလာ ရွှေချမ်းသာမွေ့တော်ဘုရားကြီး၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် နေရာများ၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့်နေရာများ၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့်နေရာများ၌လည်းကောင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဒဏ်ရာရရှိကြသည့် ဒေသခံပြည်သူများအား ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးအလိုက် ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် စေတီပုထိုးများ ပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းခြင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိ၍ ဆေးရုံတက်ရောက်ကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် အနယ်နယ်အရပ်ရပ်မှ စေတနာရှင်ပြည်သူများကလည်း ငလျင်ဒဏ်သင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသူများနှင့် ငလျင်ဒဏ်သင့်ပြည်သူများ စားသောက်ရေး အဆင်ပြေစေရေးအတွက် အစားအသောက်များ ချက်ပြုတ်၍ထမင်း၊ ဟင်းများ လှူဒါန်းခြင်း၊ သောက်ရေသန့်နှင့် အသုံးအဆောင်ပစ္စည်းများလှူဒါန်းခြင်းနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းတို့ကိုလည်း ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးအတွင်း အင်အားအလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ခံစားခဲ့ရသော လျောင်ဘေးသင့်ပြည်သူများအတွက် အလှူရှင်များက အလှူငွေများနှင့် ထောက်ပံ့ပစ္စည်းများကို စေတနာသဒ္ဓါတရားထက်သန်စွာ လာရောက်လှူဒါန်းလျက်ရှိ

**မန္တလေး ဧပြီ ၁**

မန္တလေးတိုင်းဒေသကြီးအတွင်း အင်အားအလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ခံစားခဲ့ရသော ငလျင်ဘေးသင့်ပြည်သူများအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ရန်အောင်မြင်ခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်က အဖွင့်အမှာစကား ပြောကြားပြီးနောက် အလှူရှင်တစ်ဦးက လှူဒါန်းရသည့် ရည်ရွယ်ချက်ကို ပြောကြားခဲ့သည်။

၄င်းနောက် အလှူရှင်များက အလှူငွေများကိုပေးအပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တိုင်းမှူးတို့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း၊ ယနေ့အခမ်းအနား၌ လှူဒါန်းငွေကျပ် (၂၇၅၅,၀၀၀,၀၀၀)နှင့် လှူဒါန်းပစ္စည်း တန်ဖိုးငွေကျပ်(၆၂၄,၁၂၈,၉၀၀) စုစုပေါင်းလှူဒါန်းငွေနှင့်ပစ္စည်းတန်ဖိုးစုစုပေါင်း ငွေကျပ် (၃၃၇၉,၁၂၈,၉၀၀)ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**





















သတင်း-စာမျက်နှာ ၁၂

























**သစ်တောသစ်ပင်၊ ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက်၊ ရွှေတိုက်ကိုစိုး။**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် အိန္ဒိယနိုင်ငံဆေးအကူအညီပေးရေးအဖွဲ့ ယာယီဆေးရုံပြင်ဆင် ဆောင်ရွက်ထားရှိမှုအား ကြည့်ရှု၊ တိုင်းဒေသကြီးအတွင်း ငလျင်ဘေးသင့်ပြည်သူများအတွက် ပေးအပ်လှူဒါန်းသည့် ထောက်ပံ့ပစ္စည်းများအား လက်ခံ

**မန္တလေး ဧပြီ ၁**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့ နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်၊ လေဆိပ်အဟောင်းနေရာရှိ ယာယီဆေးရုံသို့ ရောက်ရှိပြီး အိန္ဒိယနိုင်ငံဆေးအကူအညီပေးရေးအဖွဲ့မှ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကို ဆေးဝါးကုသမှု ဆောင်ရွက်ပေးနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ထားမှုများအား လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ငင်းနောက် ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆေးရုံကြီးတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကို ဆေးဝါးကုသပေးမှု အခြေအနေများ၊ ဆေးရုံကြီးရှိ ငလျင်ဒဏ်သင့်ခံခဲ့ရသည့် အဆောက်အအုံများတွင် ဆက်လက်အသုံးပြုရန် သင့်၊ မသင့် သိရှိနိုင်ရန် အဆောက်အအုံကြံ့ခိုင်မှု စစ်ဆေးခြင်းများ အမြန်ဆောင်ရွက်သွားနိုင်ရေး အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဦးစားပေးအဆင့်လိုက် အမြန်ဆုံး ဆောင်ရွက်သွားနိုင်ရေး လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မဟာအောင်မြေမြို့နယ်တွင် အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ အသားများနှင့် ငါးများကို အထူးသက်သာဈေးနှုန်းများဖြင့် ရောင်းချပေးနေမှုများကို လိုက်လံကြည့်ရှု၍ ဝယ်ယူအားပေးနေမှုများကို နှုတ်ဆက် အားပေးခဲ့သည်။

ငင်းနောက် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးရှိ ကွပ်ကဲရေးရုံးသို့ ရောက်ရှိပြီး အင်အားအလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ခံစားခဲ့ရသော ငလျင်ဘေးသင့်ပြည်သူများအတွက် မြန်မာကျန်းရှီးကုန်သည်အသင်းချုပ်က လာရောက်လှူဒါန်းသည့် ထောက်ပံ့ပစ္စည်းများကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အဖွဲ့က လက်ခံ၍ ကျေးဇူးတင်စကားပြောကြားခဲ့သည်။



ဆက်လက်၍ မဟာအောင်မြေမြို့နယ်ရှိ မစိုးရိမ်တိုက်သစ်တို့ ရောက်ရှိပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးမြို့မစိုးရိမ်တိုက်သစ်မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတ ဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ အားဖူးမြော်၍ ဩဝါဒများခံယူကာ ဆရာတော်၊ သံဃာတော်များအတွက် အိန္ဒိယနိုင်ငံအစိုးရက ပေးပို့လှူဒါန်းသည့် ထောက်ပံ့ပစ္စည်းများအား အိန္ဒိယနိုင်ငံသံရုံးအဖွဲ့၊ ဒုတိယအကြီးအကဲ Mr.Ashish Sharama၊ မန္တလေးမြို့အခြေစိုက် အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် Mr.Sundeep Kaushal နှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀















# နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လှုပ်ရှားမှုများပြုလုပ်





**မန္တလေး ဧပြီ ၁**

၂၀၂၅ ခုနှစ် မတ် ၂၈ ရက် မြန်မာစံတော်ချိန် ၁၂ နာရီ ၅၁ မိနစ်၊ ၀၂ စက္ကန့်တွင် ပြင်းအား ၇ ဒသမ ၇ ရစ်(ချ်)တာ စကေးရှိ အလွန်ပြင်းထန်သည့် မြေငလျင် လှုပ်ခတ်ခဲ့မှုကြောင့် အသက် ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံး ခဲ့ရမှုများအတွက် စာနာနားလည် မှုများနှင့်အတူ ထပ်တူခံစားလျက် နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်း အထိမ်းအမှတ်နေ့ရက်အဖြစ် (၃၁-၃-၂၀၂၅)ရက်မှ (၆-၄-၂၀၂၅)ရက်အထိ (၇)ရက်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက သတ်မှတ်ကြေညာခဲ့ပြီးဖြစ်သည်။

နိုင်ငံတော်အဆင့်ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက် တစ်နိုင်ငံလုံးအတိုင်းအတာ လှုပ်ရှားမှုအဖြစ် ၂၀၂၅ ခုနှစ် ဧပြီ ၁ ရက် မြန်မာစံတော်ချိန် ၁၂နာရီ ၅၁ မိနစ်၊ ၀၂စက္ကန့်တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင် ဦးဆောင်၍ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဝန်ထမ်းများက နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် နိုင်ငံတော်အလံအား တိုင်ဝက်လျှော့ချ၍ လွှင့်ထူထားသော အလံတိုင်ရှေ့၌ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်၍ ဦးညွှတ်ဂါရဝပြုခြင်းနှင့်အတူ ဥသြဆွဲဂါရဝပြုကြခဲ့ပြီး ဝတ်အသင်းမှလည်း ဆုတောင်း မေတ္တာပို့သခြင်း၊ အန္တရာယ်ကင်းပရိတ်များ၊ ဆုတောင်းစာများ ရွတ်ဖတ်ခြင်းနှင့် အမျှအတန်းပေးဝေခြင်းများကို ပြုလုပ်ကြသည်။



လှုပ်ရှားသွားလာနေသူများကလည်းတစ်မိနစ်ငြိမ်သက်စွာ ရပ်တန့်၍ဦးညွှတ် ဂါရဝပြုကြမှုများ၊ သက်ဆိုင်ရာ ကိုးကွယ်ရာ ဘာသာအလိုက် ဘုရားစေတီများ၊ ဘုရားကျောင်းများ၊ ဝတ်ပြုနေရာများတွင် ဆုတောင်းမေတ္တာပို့သခြင်း၊ အန္တရာယ်ကင်းပရိတ်များ၊ ဆုတောင်းစာများရွတ်ဖတ်ခြင်းနှင့် အမျှအတန်းပေးဝေခြင်းများ ကိုလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

# မြေငလျင်ကြောင့် ပျက်စီးသွားသော ရုံးအဆောက်အအုံနှင့် လူနေအဆောက်အအုံများကို ပညာရှင်များပါဝင်သော စစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၁**

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သည့် မြေငလျင်ဒဏ်ကြောင့်ပျက်စီးသွားသော ရုံးအဆောက်အအုံများ၊ လူနေအဆောက်အအုံများနှင့် အခြားပျက်စီးမှုများကို ဘေးအန္တရာယ်နှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာကိစ္စရပ်များအတွက် ပညာရပ်ဆိုင်ရာစစ်ဆေးရေး အထောက်အကူပြုအဖွဲ့အား ဒေသအလိုက်ဖွဲ့စည်းထားရှိပြီး ၎င်းအဖွဲ့သည် ပျက်စီးသွားသော အဆောက်အအုံများအား ခေတ်မီစမ်းသပ်ကိရိယာများဖြင့် စစ်ဆေး၍ သာမန်ပြင်ဆင်နိုင်သည့် အဆောက်အအုံ၊ အကြီးစားပြင်ဆင်ရမည့်အဆောက်အအုံနှင့် ပြုပြင်၍မရ ဖယ်ရှားရှင်းလင်းရမည့် အန္တရာယ်ရှိအဆောက်အအုံများအဖြစ် ခွဲခြားသတ်မှတ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ငလျင်ကြောင့်ဖြစ်ပေါ်ခဲ့သော ပျက်စီးမှုများအား မှတ်တမ်းတင်ခြင်း၊ ညှိနှိုင်းသုံးသပ်ခြင်းနှင့် နောင်တွင် ဆောင်ရွက်ရမည့်နည်းလမ်းများ ဖော်ထုတ်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။

အဆိုပါစစ်ဆေးရေးအဖွဲ့တွင် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ ပညာရှင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်မှ ပညာရှင်များ၊ အထပ်မြင့်နှင့် အများပြည်သူသုံးအဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့မှ ပညာရှင်များ၊ မြန်မာနိုင်ငံ ငလျင်ကော်မတီမှ ပညာရှင်များ၊ အထူးလုပ်ငန်းကော်မတီမှ ပညာရှင်များပါဝင်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အင်ဂျင်နီယာများနှင့်အတူ နေပြည်တော်တွင် စတင်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းနှင့် ငလျင်ဒဏ်ခံရသည့် တိုင်းဒေသကြီး/ပြည်နယ်များတွင်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဆောင်းကြက်သွန်နီ စိုက်ပျိုးထားသည့် စိုက်ကေများပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်လျက်ရှိ

**မိတ္ထီလာ မတ် ၃၁**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် ဆောင်းကြက်သွန်နီစိုက်ဧကများ သတ်မှတ်လျာထား စိုက်ဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ပြီး စိုက်ပျိုးထားသည့်စိုက်ဧကများ ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးကြပ်ပြီး မြို့နယ်အတွင်း ကြက်သွန်နီစိုက်ပျိုးသည့် စိုက်ဧကများ ပန်းတိုင်အထွက်နှုန်းရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် မြို့နယ်အတွင်း၌ ဆောင်းကြက်သွန်နီ စိုက်ပျိုးဧက ၁၄၃၉ဧက စိုက်ပျိုးရန် သတ်မှတ်လျာထားခဲ့ပြီး စိုက်ပျိုးဧကများ ပန်းတိုင်အထွက်နှုန်းရရှိရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကွင်းဆင်း၍ လိုအပ်သည့် နည်းပညာများ ပံ့ပိုးကူညီ၍ ဒေသခံ ကြက်သွန်နီစိုက်ပျိုးတောင်သူများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဆောင်းကြက်သွန်နီ စိုက်ပျိုးဧက ၁၉၀၂ ဧက စိုက်ပျိုးနိုင်ခဲ့သည့်အတွက် သတ်မှတ်လျာထား စိုက်ဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့သည်။

အဆိုပါဆောင်းကြက်သွန်နီ စိုက်ပျိုးဧက ၁၉၀၂ ဧကအနက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ညောင်ကိုင်းကျေးရွာအုပ်စုအတွင်းရှိ ကွင်းတစ်ကွင်းတွင် စိုက်ပျိုးတောင်သူ ၂၂ ဦးမှ စိုက်ပျိုးဧက ၈၀၊ ညောင်ကန်ကျေးရွာအုပ်စုအတွင်းရှိ ကွင်းသုံးကွင်းတွင် စိုက်ပျိုးတောင်သူ ၄၁ ဦးမှ စိုက်ပျိုးဧက ၈၂ဧက၊ကန်သာကျေးရွာအုပ်စုအတွင်းရှိ ကွင်းငါးကွင်းတွင် စိုက်ပျိုးတောင်သူ ၁၀၉ဦးမှ စိုက်ပျိုးဧက ၁၇၁ ဧက၊ ရှမ်းတဲကျေးရွာအုပ်စုအတွင်းရှိ ကွင်းသုံးကွင်းတွင် စိုက်ပျိုးတောင်သူ ၄၉ ဦးမှ စိုက်ပျိုးဧက ၆၇ ဧက စိုက်ပျိုးထားရှိရာ မြို့နယ်အတွင်း၌ ကျေးရွာအုပ်စု လေးအုပ်စုအတွင်းရှိ ကွင်း(၁၂)ကွင်းတွင် စိုက်ပျိုးတောင်သူ ၂၂၁ ဦးမှ စိုက်ပျိုးဧက ၄၀၀ ကို စိုက်ပျိုးထားရှိကြောင်း သိရသည်။

(၄၆၉)

သတင်းစာမျက်နှာ-၁၄







သတင်းစာမျက်နှာ-၁၂




# ထောပတ်သီးအား ၂၀၂၆-၂၇ တွင် တရုတ်နိုင်ငံသို့ G to G တင်ပို့ခွင့်ရရှိရန်အတွက် လုပ်ဆောင်လျက်ရှိ

**မန္တလေး မတ် ၃၁**

မြန်မာနိုင်ငံအတွင်း စိုက်ပျိုးထားရှိသော ထောပတ်သီးများအား ၂၀၂၆-၂၇ တွင် တရုတ်နိုင်ငံသို့ G to G တင်ပို့ခွင့်ရရှိရန်အတွက် လုပ်ဆောင်လျက်ရှိကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်သူများအသင်း(MFVP) ပြင်ဦးလွင်ခရိုင်က သိရသည်။

မြန်မာထောပတ်သီးများကို တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC)၏ ကျန်းမာရေးစံချိန်စံညွှန်းအောင်မြင်ခဲ့ကြောင်း၊ ထို့အတွက် GtoGစနစ်ဖြင့် တင်ပို့နိုင်ရန်အတွက် မြန်မာနိုင်ငံအတွင်းရှိ ထောပတ်စိုက်ပျိုးသော ခြံများတွင် တရုတ်နိုင်ငံမှ စစ်ဆေးသည့်အဖွဲ့က Video စနစ်ဖြင့် စစ်ဆေးမှုများကို လာရောက်ပြုလုပ်မည်ဖြစ်ကြောင်း၊ အဆိုပါစစ်ဆေးမှုအောင်မြင်သွားလျှင် မြန်မာနိုင်ငံမှ ထောပတ်သီးများကို တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့သွားမည်ဖြစ်သည်။

"ထောပတ်သီးရာသီဖြစ်တဲ့ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလလောက်မှ တရုတ်နိုင်ငံစစ်ဆေးရေးအဖွဲ့က Video စစ်ဆေးမှာဖြစ်ပါတယ်။ စစ်ဆေးမှာတွေကတော့ သီးထိုးယင်းနှစ်မျိုးနဲ့ အင်းဆက်နှစ်မျိုးကို ဘယ်လိုကာကွယ်သလဲဆိုတာကို စစ်ဆေးမှာ ဖြစ်ပါတယ်။ ဘယ်လိုကာကွယ်မှုတွေ ပြုလုပ်ထားသလဲ ဆိုတာတွေကို Video File နဲ့ရိုက်ကူးပြီး အကဲဖြတ်အဖွဲ့မှ ပညာရှင်တွေက စစ်ဆေးသွားမှာဖြစ်ပါတယ်။"ဟု MFVP ပြင်ဦးလွင်ခရိုင်မှ ဦးမျိုးညွန့်က ပြောသည်။

စစ်ဆေးမည့်ခြံများအား စိုက်ပျိုးရေးဦးစီးဌာနထံသို့ စာရင်းပေးသွင်းထားရှိပြီဖြစ်ကြောင်း၊ စိုက်ပျိုးသည့်ခြံများ၊ အအေးခန်းများ၊ ထုပ်ပိုးပြင်ဆင်သည့်စက်ရုံများကို ၂၀၂၅ ခုနှစ်အတွင်း လာရောက်စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ လက်ရှိအနေအထားအရ စစ်ဆေးမှုများ လုပ်ဆောင်ရန်အတွက် အသင့်အနေအထားတွင်ရှိနေပြီဖြစ်ကြောင်း MFVP က သိရသည်။

"စိုက်ပျိုးတဲ့ ခြံတွေ လုပ်ဆောင်တာတွေကို စစ်ဆေးဖို့အတွက် အဆင်သင့်ပါပဲ။ သူတို့စစ်ဆေးမယ့် သီးထိုးယင်က ထောပတ်သီးစိုက်တဲ့နေရာမှာ ကျလေ့မရှိဘူး။ ရောထွေးစိုက် တဲ့ခြံတွေမှာတော့ ကျလေ့ရှိတဲ့အတွက် အခုစစ်ဆေးမယ့်ခြံတွေက သီးသန့်စိုက်တဲ့ခြံတွေ ဖြစ်တယ်၊ ဒါ့အပြင် ပိုးမကျစေဖို့အတွက် ပိုးထောင်ချောက်တွေ၊ ပိုးဖမ်းတဲ့ ကော်ပါကတ်ထူတွေနဲ့ ဖမ်းဆီးတာမျိုးတွေကိုလည်း လုပ်ဆောင်ထားကြတယ်။ ဒါ့အပြင် အပင်အနီးအနားမှာရှိတဲ့ ပေါင်းမြက်ရှင်းတာတွေကိုလည်း သေချာရှင်းလင်းထားရှိပြီဖြစ်ပါတယ်။ အဲဒီအတွက် လာရောက်စစ်ဆေးရင်လည်း လွယ်လွယ်ကူကူ ကျော်ဖြတ်နိုင်မယ်လို့ ထင်ပါတယ်။"ဟု ၎င်းက ဆက်လက်ပြောသည်။

လက်ရှိ စစ်ဆေးမှုများ ပြုလုပ်ပြီးနောက် အောင်မြင်သွားလျှင် ၂၀၂၆-၂၇ ဘဏ္ဍာနှစ်မှစတင်ကာ အစိုးရအချင်းချင်း ကုန်သွယ်ရေးစနစ်ဖြင့် တရုတ်နိုင်ငံသို့ တင်ပို့သွားနိုင်မည်ဖြစ်ခြင်းကြောင့် ထောပတ်စိုက်ပျိုးသူများအတွက် များစွာအဆင်ပြေသွားမည်ဖြစ်ကြောင်း၊ လက်ရှိ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့ တရားဝင်ကုန်သွယ်မှုပြုလုပ်နေသည့် သီးနှံများဖြစ်သည့် ဖရဲသီး၊ သရက်သီးတို့ပြီးနောက် ထောပတ်သီးအား တရုတ်နိုင်ငံ ဈေးကွက်အတွင်းသို့ ထပ်မံတင်ပို့နိုင်မည်ဖြစ်ပြီး တတိယမြောက် မြန်မာ့အပူပိုင်းဒေသ သစ်သီးဝလံဖြစ်လာမည်ဖြစ်သည်။

ထောပတ်သီးစိုက်ပျိုးမှုအဖြစ် ပြင်ဦးလွင်ခရိုင်၊ နောင်ချိုခရိုင်တို့အတွက် စိုက်ပျိုးသည့် ဧကအဖြစ် ၁၄၀၀ ဧကခန့်ရှိကြောင်း MFVP ပြင်ဦးလွင်ခရိုင်ရှိစာရင်းများအရ သိရသည်။

**(မန္တလေးနေ့စဉ်-၈)**

# ပေါ်ဦးပေါ်စ ပိန္နဲသီးနများကို ဟင်းလျာအမယ်အဖြစ် ဆွတ်ခူးရောင်းချခြင်းဖြင့် ဝင်ငွေရရှိ

**ပွင့်ဖြူ မတ် ၃၁**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် သီးနှံဝင်ငွေတိုးပွားရေးအတွက် မြေအောက်ရေဖြင့် နှစ်ရှည်သီးနှံဖြစ်သည့် ပိန္နဲသီးပင်များကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးလုပ်ကိုင်ကြပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရကာ ယခုလို ပိန္နဲသီးပင်များ အသီးသီးချိန်တွင် ပေါ်ဦးပေါ်စ မိမိတို့ဒေသရှိ ဈေးများသို့ သွားရောက်ကာ ပိန္နဲသီးများကို ဟင်းလျာမယ်အဖြစ် ဆွတ်ခူးရောင်းချခြင်းဖြင့် ဝင်ငွေရရှိကာ လုပ်ငန်းအဆင်ပြေနေကြသည်။

"ကျွန်တော်တို့ဒေသက စိုက်ပျိုးရေအဆင်ပြေတဲ့အတွက် ဒေသခံပြည်သူအများစုက စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းကို အဓိကလုပ်ကိုင်ကြပါတယ်။ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ရာတွင် အချို့တောင်သူတွေက တစ်ဖက်တစ်လမ်းက မိသားစုအပိုဝင်ငွေရရှိဖို့အတွက် မြေအောက်ရေနဲ့ ပိန္နဲ၊ သရက်၊ သနပ်ခါး၊ လျှော်ဖြူ၊ မန်ကျည်းရှား စတဲ့ နှစ်ရှည်သီးနှံများကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးလုပ်ကိုင်ကြတယ်။ ဒီရာသီက ပိန္နဲသီးနဲ့ သရက်သီးများ အသီးသီးတဲ့အချိန်ဖြစ်ပါတယ်။ ပိန္နဲသီးပင် နဲ့ သရက်ပင်တွေ အသီးသီးချိန်မှာ ပေါ်ဦးပေါ်စ ဟင်းလျာအမယ်အဖြစ် ဆွတ်ခူးရောင်းချသူတွေ ရောင်းအားကောင်းပြီး ဝင်ငွေရရှိနေကြတယ်။ ပိန္နဲသီးနက ဟင်းချက်စားရင် အရသာလည်းကောင်းတော့ ရာသီစာအဖြစ် ပြည်သူတွေက ဝယ်ယူချက်ပြုတ်စားကြတယ်။ လက်ရှိမှာ ပိန္နဲသီးန တစ်ပိဿာကို ငွေကျပ် ၇၂၀၀ ရောင်းချရပါတယ်။ သရက်သီးကတော့ အလုံးအကြီးအသေးပေါ်မူတည်ပြီး တစ်လုံး ကို ငွေကျပ် (၁၀၀ ၊ ၁၅၀) ရောင်းချရပါတယ်။ ပိန္နဲသီးမှည့်၊ သရက်သီးမှည့် ပေါ်ချိန်ရောက်ရင်လည်း ရောင်းချဦးမှာဖြစ် လို့ နှစ်ရှည်သီးနှံများထဲမှာ ပိန္နဲ သီးနဲ့ သရက်သီးပင် စိုက်ပျိုးရေးလုပ်ငန်းဟာ စီးပွားရေး တွက်ခြေကိုက်တဲ့အတွက် စိုက်ပျိုးလုပ်ကိုင်သင့်ပါတယ်"ဟု ပွင့်ဖြူမြို့နယ်၊ ရွာသစ်ကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ပွင့်ဖြူမြို့နယ်ရှိ ဒေသခံပြည်သူများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို အဓိကစီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်ကြ ပြီး သီးနှံများစိုက်ပျိုးရာတွင် စပါး၊ နှမ်း၊ မြေပဲ၊ ပဲတီစိမ်း၊ ကုလားပဲ၊ နေကြာ၊ ဖုးစားပြောင်း သီးနှံနှင့် ဟင်းသီးဟင်းရွက်စားပင်သီးနှံမျိုးစုံတို့ကို အားထားစိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ အချို့တောင်သူများမှာ သီးနှံဝင်ငွေ တိုးပွားစေရန် ဆိုလာစနစ်အသုံးပြုပြီး မြေအောက်ရေဖြင့် ပိန္နဲ၊ သရက်၊ သနပ်ခါး၊ မန်ကျည်းရှား၊ လျှော်ဖြူ စသည့် နှစ်ရှည်သီးနှံများကို စိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ စိုက်ပျိုးသည့်သီးနှံများမှာ စိုက်ပျိုးရေနှင့် စိုက်ပျိုးမြေ ကောင်းမွန်မှုကြောင့် အောင်မြင်ဖြစ်ထွန်းလျက် ရှိကြောင်း သိရသည်။ **(၄၄၅)**



အင်ဒိုနီးရှားနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ နေပြည်တော် တပ်မတော်လေဆိပ်သို့ ရောက်ရှိစဉ်။



ဖိလစ်ပိုင်နိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ နေပြည်တော် တပ်မတော်လေဆိပ်သို့ ရောက်ရှိစဉ်။

# နိုင်ငံတကာမှ ကယ်ဆယ်ရေးဆေးကုသမှုအဖွဲ့များ နေပြည်တော်သို့ ထပ်မံရောက်ရှိ

နေပြည်တော် ဧပြီ ၁

နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဘေးသင့်ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် နိုင်ငံတကာမှ ကယ်ဆယ်ရေးဆေးကုသမှုအဖွဲ့များသည် သက်ဆိုင်ရာလေကြောင်းခရီးအလိုက် နေပြည်တော် တပ်မတော်လေဆိပ်သို့ ထပ်မံရောက်ရှိလာကြသည်။

ယနေ့တွင် ရုရှား၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဘူတန်၊ ဖိလစ်ပိုင်၊ လာအိုနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများ၊ ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များသည် နေပြည်တော် တပ်မတော်လေဆိပ်သို့ ရောက်ရှိကြခြင်းဖြစ်သည်။

**နေပြည်တော်တပ်မတော်လေဆိပ်သို့ ရောက်ရှိ**

အလားတူ ယမန်နေ့ညပိုင်းကလည်း ဘယ်လာရုစ်နိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများ၊ ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များသည် နေပြည်တော်တပ်မတော်လေဆိပ်သို့ ရောက်ရှိကြသည်။

ထိုသို့ ရောက်ရှိလာကြသည့် ကယ်ဆယ်ရေးနှင့် ဆေးကုသမှုအဖွဲ့များကို လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက နေပြည်တော် တပ်မတော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြပြီး ယင်းအဖွဲ့များသည် ငလျင်ဘေးသင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ဆေးဝါးကုသမှုများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ငါးဦးတို့အား မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်

နေပြည်တော် ဧပြီ ၁

မြန်မာ-တရုတ်-ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation)ဖြင့် အွန်လိုင်းအသုံးပြု လိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေကြသူများ၊ ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော ပြည်ပနိုင်ငံသားများကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိရာ ယနေ့တွင် အဆိုပါလုပ်ငန်းများ၌ ဆက်စပ်ပါဝင်ခဲ့ကြသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ငါးဦးကို မြန်မာ-ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံ၍ ပြည်နှင်လွှဲပြောင်းပေးသည်။



အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်က လိုက်လံကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများအား လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပခဲ့ရာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံရုံးမှ ကောင်စစ်ဝန် Mr. Md. Fahad. Pervez. Bosunia နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဧပြီ ၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၈၇၂၄ ဦးကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၆၃၁၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၄၁၂ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

**ထိရောက်စွာအရေးယူ**

နိုင်ငံတော်အစိုးရ အနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး အထူးသဖြင့် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှု လုပ်ငန်းများကို အမျိုးသားရေးအသွင်ဖြင့် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ် အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ငလျင်ဘေးဒဏ်ကြောင့် ယာယီရပ်နားထားသော ရထားလမ်းပိုင်းများအား အမြန်ဆုံးပြုပြင်ပြီး ပြန်လည်ပြေးဆွဲသွားမည်

နေပြည်တော် ဧပြီ ၁

မတ် ၂၈ ရက်က အလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ နေပြည်တော် ပြည်ထောင်စုနယ်မြေနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ မြန်မာ့မီးရထား၏ သမိုင်းဝင် အင်းဝတံတားအပါအဝင် လမ်းများ၊ တံတားများ၊ ဘူတာအဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့ရပါသည်။ ရထားလမ်းပိုင်းများ ပျက်စီးဆုံးရှုံးမှုအနေဖြင့် ရန်ကုန်-မန္တလေး ရထားလမ်းရှိ ကျောက်တံခါး - တောင်ငူလမ်းပိုင်းတွင် လမ်းပျက်စီးမှု ၂၃ နေရာ၊ တောင်ငူ-နေပြည်တော် လမ်းပိုင်းတွင် လမ်းပျက်စီးမှု ခုနစ်နေရာနှင့် တံတားချို့ယွင်းမှု သုံးခု၊ သာစည်-မန္တလေးလမ်းပိုင်း၌ လမ်းပျက်စီးမှုနေရာ ၃၀ နှင့် တံတားချို့ယွင်းမှု ရှစ်ခု၊ သာစည်-မိတ္ထီလာလမ်းပိုင်း၌ တံတားချို့ယွင်းမှု နှစ်ခု၊ ပျဉ်းမနား-တောင်တွင်းကြီး လမ်းပိုင်း၌ လမ်းပျက်စီးမှု ၁၁ နေရာနှင့်တံတားချို့ယွင်းမှု နှစ်ခုတို့ ဖြစ်ပွားခဲ့သည်။



ထိုကဲ့သို့ ပျက်စီးဆုံးရှုံးမှုကြောင့် ရန်ကုန်-မန္တလေး လမ်းပိုင်းနှင့် ပျဉ်းမနား - တောင်တွင်းကြီး လမ်းပိုင်းတွင် ပြေးဆွဲလျက်ရှိသော လူစီးရထားများ၊ ကုန်တင်ရထားများကို ယာယီရပ်နားထားခဲ့ရသော်လည်း ထိခိုက်ပျက်စီးမှုမရှိသည့် ရန်ကုန်မြို့ပတ်၊ ရန်ကုန်-မော်လမြိုင်၊ ရန်ကုန်-ပြည်၊ ရန်ကုန်-ပဲခူး၊ ပုသိမ်-ကြံခင်း စသည့် လမ်းပိုင်းများတွင် လူစီးရထားများနှင့် ကုန်ရထားများ ပုံမှန်ပြေးဆွဲလျက်ရှိသည်။

ငလျင်ဒဏ်ကြောင့် ချို့ယွင်းပျက်စီးသွားသော လမ်းပိုင်းနှင့် တံတားများ ပြုပြင်ခြင်းများကို မြန်မာ့မီးရထား တိုင်းနယ်မြေအလိုက် လူအင်အား၊ စက်အင်အား၊ ပစ္စည်းအင်အား၊ ထိရောက်သော ထောက်ပံ့ ပို့ဆောင်မှုများဖြင့် ဆောင်ရွက်လျက်ရှိရာ ရန်ကုန်-တောင်ငူ-နေပြည်တော်-သာစည်-မန္တလေး လမ်းပိုင်းတစ်ခုလုံးတွင် ရထားများ အမြန်ဆုံးပြန်လည်ပြေးဆွဲနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာ့မီးရထား




## ရူဘင်လိုတပ်ဖ်ချက်ခ် အူအတက်ရောင်မှုကြောင့် တစ်လခန့် အနားယူရဖွယ်ရှိ



**မီလန် ဧပြီ ၁**

အေစီမီလန်အသင်းကွင်းလယ်ကစားသမား ရူဘင်လိုတပ်ဖ်ချက်ခ် အူအတက်ရောင်မှုကြောင့် အရေးပေါ်ခွဲစိတ် ကုသမှုခံယူခဲ့ပြီး တစ်လခန့် အနားယူရမည်ဖြစ်သည်။

အသက်(၂၉)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ယခုလို အနားယူရမည်ဖြစ်သောကြောင့် အေစီမီလန်အသင်းအတွက် ကြီးမားသည့်ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

ကွင်းလယ်ကစားသမား ရူဘင်လိုတပ်ဖ်ချက်ခ်သည် အေစီမီလန်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၁ ပွဲ ကစားပြီး ၁၀ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အေစီမီလန်အသင်းထုတ်ပြန်ချက်တွင် 'ရူဘင်လိုတပ်ဖ်ချက်ခ် တစ်လခန့်အနားယူရမှာပါ။ သူရဲ့ ဒဏ်ရာ အမြန်ဆုံးသက်သာပျောက်ကင်းဖို့လည်း မျှော်လင့်ပါတယ်'ဟု ထုတ်ပြန်သည်။

**(ယာပုံ) (NGB)**

## ဖာရန်တောရက်စ်အား ခေါ်ယူရန် ပရီးမီးယားလိဂ်ကလပ်အသင်းများ အပြိုင်စိတ်ဝင်စား



**လန်ဒန် ဧပြီ ၁**

ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် အက်စတွန်ဗီလာ၊ နယူးကာဆယ်၊ စပါးအသင်းတို့သည် ဘာစီလိုနာအသင်း တိုက်စစ်မှူး ဖာရန်တောရက်စ်အား ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

ဘာစီလိုနာအသင်းကလည်း ဖာရန်တောရက်စ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

တိုက်စစ်မှူး ဖာရန်တောရက်စ်သည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၄၇ပွဲကစားပြီး ဂိုး ၄၀ထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပရီးမီးယားလိဂ်ကလပ်အသင်းများက အပြိုင်စိတ်ဝင်စားလာခြင်းဖြစ်သည်။

ထို့ကြောင့် ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် အက်စတွန်ဗီလာ၊ နယူးကာဆယ်၊ စပါးအသင်းတို့အနေဖြင့် လာမည့်နွေရာဈေးကွက်အတွင်းတွင် မည်သည့်အသင်းက ဘာစီလိုနာအသင်းထံမှ ဖာရန်တောရက်စ်အား ရရှိအောင် ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

**(အပေါ်ဝဲပုံ)**

**(NGB)**

## မူလာ ယခုနှစ်ဘောလုံးရာသီအကုန်တွင် ဘိုင်ယန်မြူးနစ်အသင်းမှ ထွက်ခွာမည်

**မြူးနစ် ဧပြီ ၁**

ဘိုင်ယန်မြူးနစ်အသင်း ကွင်းလယ်တိုက်စစ်ကစားသမား မူလာ ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းမှ ထွက်ခွာသွားမည်ဖြစ်သည်။ **(အောက်ပုံ)**



အသက်(၃၅)နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမားကို လက်ရှိအချိန်တွင် မေဂျာလိဂ်ကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ကွင်းလယ်တိုက်စစ်ကစားသမား မူလာသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၂၀၀၈-၂၀၀၉မှ ၂၀၂၄-၂၀၂၅ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၄၂ပွဲကစားကာ ၂၄၇ဂိုး သွင်းယူထားသလို၊ အသက်အရွယ်ပိုင်းအားဖြင့် ရရှိပြီဖြစ်သော်လည်း ခြေစွမ်းပိုင်းကျဆင်းခြင်းမရှိသေးခြင်းကြောင့် မေဂျာလိဂ်ကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ထို့ကြောင့် မူလာအနေဖြင့် ယခုနှစ်ဘောလုံးရာသီအကုန်တွင် ဘိုင်ယန်မြူးနစ်အသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိမည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(NGB)**

၀-၀-၀-၀-၀

## အဲရစ်ဆင်အား ခေါ်ယူရန် အေဂျက်စ်အသင်း စီစဉ်

**မန်ချက်စတာ ဧပြီ ၁**

အေဂျက်စ်အသင်းသည် မန်ချက်စတာယူနိုက်တက်အသင်းဝါရင့် ကွင်းလယ်ကစားသမား အဲရစ်ဆင်အား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၃၃)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၉ပွဲကစားပြီး ၇ဂိုးထိ သွင်းယူထားသလို၊ အသက်အရွယ်ပိုင်းအားဖြင့်လည်း ရရှိပြီဖြစ်သော်လည်း ခြေစွမ်းပိုင်းကျဆင်းခြင်းမရှိသေးခြင်းကြောင့် အေဂျက်စ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား အဲရစ်ဆင်ကိုယ်တိုင်ကလည်း လက်ရှိအချိန် အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာချင်လျက်ရှိနေသည်။

ထို့ကြောင့် အေဂျက်စ်အသင်းအနေဖြင့် လာမည့်နွေရာသီဈေးကွက်အတွင်းတွင် မန်ချက်စတာယူနိုက်တက်အသင်းထံမှ အဲရစ်ဆင်အား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ပုံ) (NGB)**



## 2025 Rolex Monte-Carlo Masters တင်းနစ်ပြိုင်ပွဲ ဧပြီ ၆ရက်တွင် စတင်မည်

**မိုနာကို ဧပြီ ၁**

ပြင်သစ်နိုင်ငံ၊ မိုနာကိုမြို့တွင် ကျင်းပ ပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Rolex Monte-Carlo Masters တင်းနစ်ပြိုင်ပွဲ လာမည့် ဧပြီ ၆ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2025 Rolex Monte-Carlo Masters တင်းနစ်ပြိုင်ပွဲ ကို ဧပြီ ၆ရက်မှ ဧပြီ ၁၄ရက်အထိ ၉ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2025 Rolex Monte-Carlo Masters တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမားများစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Rolex Monte-Carlo Masters တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ဂရိတင်းနစ်ကစားသမား Stefanos Tsitsipas ဖြစ်သည်။ **(အောက်ပုံ)**

**(NGB)**



## ဆာလော့အား ယာယီနည်းပြအဖြစ် လိုက်ပဇစ်အသင်း ခန့်အပ်

**မြူးနစ် ဧပြီ ၁**

လိုက်ပဇစ်အသင်းသည် အသင်းနည်းပြ မာကိုရိုစ်အား ရာထူးမှ ထုတ်ပယ်ပြီးနောက် ယာယီနည်းပြအဖြစ် နည်းပြ ဆာလော့အား ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် ချဲလ်ဆီး၊ ဘိုင်ယန်မြူးနစ်၊ ပီအက်စ်ဂျီအသင်းတို့တွင် လက်ထောက်နည်းပြအဖြစ် ဆောင်ရွက်ခဲ့ပြီး အတွေ့အကြုံရှိသူတစ်ဦးဖြစ်ခြင်းကြောင့် ယာယီနည်းပြအဖြစ် ရာသီကုန်အထိ ခန့်အပ်ခဲ့သည်။

အသက်(၄၅)နှစ်အရွယ်ရှိ ဆာလော့က 'ကျွန်တော် အခုလို လိုက်ပဇစ်အသင်း ယာယီနည်းပြအဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်တော်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ လိုက်ပဇစ်အသင်း ရလဒ်ကောင်းတွေ ရယူနိုင်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ'ဟု ပြောသည်။

**(အောက်ပုံ)**

**(NGB)**



## 2025 Miami Open presented by Itau အမျိုးသမီးတင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Aryna Sabalenka ဆွတ်ခူး

**မိုင်ယာမီ ဧပြီ ၁**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Miami Open presented by Itau တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဘီလာရုတင်းနစ်မယ် Aryna Sabalenka က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ ဘီလာရုတင်းနစ်မယ် Aryna Sabalenka သည် 2025 Miami Open presented by Itau တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အမေရိကန်တင်းနစ်မယ် Jessica Pegula အား ၇-၅၊ ၆-၂ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။



Aryna Sabalenka က 'ကျွန်မအခုလို 2025 Miami Open presented by Itau တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလိုဆုတွေနဲ့ အသင်းအောင်မြင်မှုများရရှိဖို့ ဆက်လက်ကြိုးစားသွားမှာပါ'ဟု ပြောသည်။**(ဝဲပုံ)(NGB)**



# အခြေခံစာရင်းကိုင်နှင့် စာရင်းစစ်(အမှုထမ်း)သင်တန်းဆင်းပွဲ ကျင်းပ

**မကွေး ဧပြီ ၁**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ သမဝါယမဦးစီးဌာနသမဝါယမစာရင်းရေး၊ စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း၌ ကျင်းပသော အခြေခံစာရင်းကိုင်နှင့် စာရင်းစစ်(အမှုထမ်း)များ တက်ရောက်သည့် သင်တန်းဆင်းပွဲကို အဆိုပါ သင်တန်းကျောင်းတွင် မတ် ၃၁ ရက် နံနက် ၁၁ နာရီက ကျင်းပသည်။

ရှေးဦးစွာ အခြေခံစာရင်းကိုင်နှင့်စာရင်းစစ်(အမှုထမ်း) သင်တန်းဆင်းပွဲတွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ဦးအောင်သူဦးက အဖွင့်အမှာစကားပြောကြားပြီး သမဝါယမစာရင်းရေး၊ စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်စန္ဒာထွန်းက သင်တန်းဖွင့်လှစ်ခဲ့သည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် သင်တန်းသား၊ သင်တန်းသူများကို တက်ရောက်လာသော မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူတို့က ဆုများအသီးသီးပေးအပ်ချီးမြှင့်ကာ မကွေးတိုင်းဒေသကြီး၊ သမဝါယမဦးစီးဌာနတိုင်းဒေသကြီး ဦးစီးမှူး ဦးမြင့်ဇော်ထွန်းက သင်တန်းဆင်းအောင် လက်မှတ်များ ပေးအပ်ချီးမြှင့်၍ သင်တန်းသား တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါ သမဝါယမဦးစီးဌာနသမဝါယမစာရင်းရေး၊ စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း(မကွေး)က ဖွင့်လှစ်သော အခြေခံစာရင်းကိုင်နှင့် စာရင်းစစ်(အမှုထမ်း)သင်တန်းကို သင်တန်း၊ သင်တန်းသူ ၄၀ဦး တက်ရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**ဝင်းအိမွန်(ပြန်/ဆက်)**



# ကျေးရွာနေပြည်သူများ သောက်သုံးရေပူလုံစေရန် မီးသတ်တပ်ဖွဲ့ဝင်များက ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ ဖြည့်ဆည်းလှူဒါန်း

**ညောင်ဦး ဧပြီ ၁**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ရွှေလှိုင်းကျေးရွာနှင့် မှန်တောကျေးရွာတို့တွင် သောက်သုံးရေလိုအပ်နေကြောင်း သိရ၍ မတ် ၂၇ရက် နံနက်ပိုင်းက တောင်ဇင်းနယ်မြေမီးသတ်စခန်းမှ တပ်ကြပ်ကြီးငြိမ်းချမ်းနိုင် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ကျေးရွာနေပြည်သူများ သောက်သုံးရေဖူလုံစေရေးအတွက် ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ သွားရောက်ဖြန့်ဆည်း လှူဒါန်းပေးခဲ့သည်။

ထိုသို့ သောက်သုံးရေများ လှူဒါန်းပေးရာတွင် ညောင်ဦးမြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူ၏လမ်းညွှန်မှုဖြင့် တောင်ဇင်းနယ်မြေမီးသတ်စခန်းမှ တပ်ကြပ်ကြီးငြိမ်းချမ်းနိုင် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ညောင်ဦးမြို့နယ် ရွှေလှိုင်းကျေးရွာရှိ အိမ်ထောင်စု ၂၆၀ ၊ လူဦးရေ ၁၃၀၀ ဦးအတွက် ရေဂါလန် ၁၆၀၀၊ မှန်တောကျေးရွာရှိ အိမ်ထောင်စု ၁၂၅စု၊ လူဦးရေ ၅၀၀ ဦးအတွက် ရေဂါလန် ၁၆၀၀၊ စုစုပေါင်း ရေဂါလန် ၃၂၀၀ အား ကျေးရွာနေပြည်သူများ နွေရာသီကာလ သောက်သုံးရေဖူလုံစေရန် စနစ်တကျခွဲဝေလှူဒါန်းပေးခဲ့သည်။

ပွင့်လင်းရာသီကာလသို့ ရောက်ရှိလာပြီဖြစ်၍ ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာနေပြည်သူများ သောက်သုံးရေ ပြတ်လပ်မှုမရှိစေရန်နှင့် ဖူလုံစွာသုံးစွဲနိုင်ရန်အတွက် ညောင်ဦးမြို့နယ် တောင်ဇင်းနယ်မြေမီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များက ဌာနပိုင်ရေသယ်ယာဉ်ဖြင့် ပြည်သူ့အကျိုးပြု သောက်သုံးရေများ နေ့စဉ်ဖြန့်ဆည်းလှူဒါန်းပေးလျက်ရှိကြောင်း ညောင်ဦးမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူကပြောပြ၍ သိရသည်။

(အပေါ်ပုံ)

(၄၄၅)

# ကျေးရွာ(၂၂)ရွာ၌ VDP စီမံကိန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

**လယ်ဝေး ဧပြီ ၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေနေပြည်တော်၊ လယ်ဝေးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ခရိုင်ကွပ်ကဲမှုအောက်လယ်ဝေး မြို့နယ်အတွင်းရှိ ကျေးရွာ ၂၂ရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း VDP ခွင့်ပြုရန်ပုံငွေများဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း အဆိုပါ ခရိုင်ဦးစီးဌာနမှ သိရသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း VDP ကို လယ်ဝေးမြို့နယ်အတွင်းရှိ ကျေးရွာ ၂၂ ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ကျေးလက်ကုန်ထုတ်လမ်း တစ်လမ်း၊ ကွန်ကရစ်လမ်း သုံးလမ်း၊ အခြားလုပ်ငန်း ၁၀ခု၊ရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်း တစ်ခု၊ မီးလင်းရေးလုပ်ငန်း နှစ်ခု၊ မီး သဂြိုလ်စက်တစ်ခု၊ အုတ်၊ ရေမြောင်းတူးဖော်ခြင်းလုပ်ငန်း နှစ်ခု၊ ဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်းတစ်ခု၊ ဆိုလာရေတင်စနစ်တစ်ခုနှင့် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းတစ်ခု စုစုပေါင်းဖွံ့ဖြိုးရေး လုပ်ငန်းခွဲပေါင်း ၂၃ခုကို ကျေးရွာ တစ်ရွာလျှင် စီမံကိန်းပံ့ပိုး ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေများကို အသုံးပြုပြီး ၂၀၂၄ ခုနှစ်စက်တင်ဘာလ ဒုတိယအပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက် ပြီးစီးပြီဖြစ်သည်။



အဆိုပါကျေးရွာ ၂၂ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လယ်ဝေးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနခရိုင်ဦးစီးမှူး ဦးမျိုးတင့်နှင့်စီမံကိန်း တာဝန်ခံတို့က ကြည့်ရှုစစ်ဆေးပြီး ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းလွှဲပြောင်းမှတ်တမ်းလွှာများ ပေးအပ်ခြင်းနှင့် ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ကော်မတီများဖွဲ့စည်း၍ ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

(အပေါ်ယာပုံ) **မောင်နိုင်**

# လူနာများအား လိုအပ်သောဆေးဝါးပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်လှူဒါန်း

**ပြင်ဦးလွင် ဧပြီ ၁**

မတ် ၂၈ ရက် မွန်းလွဲ ၁၂ နာရီ ၅၁မိနစ်တွင် မြေငလျင်လှုပ်ခတ်မှုကြောင့် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့ရှိ ပြည်သူ့ဆေးရုံကြီး ခုတင်(၃၀၀)နှင့် အမှတ်(၁) တပ်မတော်ဆေးရုံ ခုတင်(၇၀၀) တို့တွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော လူနာများအား မတ် ၃၀ ရက် နံနက် ၉နာရီက ပြင်ဦးလွင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထူးနှင့်အဖွဲ့ဝင်များ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်အောင်လွင်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုပြီး လိုအပ်သော ဆေးဝါးပစ္စည်းများနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အတွက် အလှူငွေကျပ်သိန်း ၅၀ စီဖြင့် ငွေကျပ်သိန်း ၁၀၀ အား ကိုယ်တိုင်သွားရောက် လှူဒါန်း၍ ဆရာဝန်များနှင့် ဆေးဝါးကုသမှုခံယူနေသော လူနာများအား ကြည့်ရှုအားပေးစကားပြောကြားခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

ငလျင်ဘေးသင့်ရာဒေသရှိ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြင်ဦးလွင်ခရိုင် မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းပါ သန္နေတပ်ဖွဲ့ဝင် ၁၅ ဦးတို့က မော်တော်ယာဉ် လေးစီးဖြင့်လည်းကောင်း၊ ကျန်းမာရေးဌာနမှ ဒေါက်တာမြင့်ဝေပါ-(၇)ဦးမှ မော်တော်ယာဉ် တစ်စီးဖြင့်လည်းကောင်း၊ ပြင်ဦးလွင်မြို့ လူမှုကူညီရေးအသင်းမှ အင်အားကိုးဦးဖြင့် မော်တော်ယာဉ် လေးစီးဖြင့်လည်းကောင်း ကူညီဆောင်ရွက်လျက်ရှိပြီး ပြင်ဦးလွင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဝင်း(ပါ-၁၇)ဦးမှ တည်ဆောက်ရေးလုပ်ငန်းခွင်သုံး ဘတ်ဟိုးယာဉ် လေးစီး၊ ကျောက်ဖောက်စက်ပါ ဘတ်ဟိုးယာဉ် တစ်စီး၊ စုစုပေါင်းတန် ၂၀ယာဉ် ငါးစီး၊ ယာဉ်မောင်း ၁၀ဦး၊ ပရဟိတလူငယ် ၃၀ ဦး၊ စုစုပေါင်း ၇၈ဦးတို့က သွားရောက်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြင်ဦးလွင်မြို့ MDG Group လူမှုညီရေးအဖွဲ့ဝင် ၄၀ ဦးခန့်ဖြင့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်ပေးရန် သွားရောက်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (ဝဲပုံ) **(ခရိုင်ပြန်/ဆက်)**



**သစ်တောသစ်ပင်**
**ချစ်ခင်တဲ့ လူမျိုး**
**သစ်ပင်ကို နှစ်စဉ်စိုက်**
**ရွှေတိုက်ကိုစိုး။**

# စားသောက်ရေး အဆင်ပြေစေရန် ဆန်နှင့် ကြက်ဥ ထောက်ပံ့လှူဒါန်း

**ညောင်ဦး ဧပြီ ၁**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် အတွင်းရှိ သက်ကြီးဘိုးဘွားများနှင့် ဝင်ငွေနည်းအိမ်ထောင်စုများအတွက် စားသောက်ရေး အဆင်ပြေစေရန် ရည်ရွယ်၍ ရန်ကုန်မြို့၊ ဝေမျှခြင်းပရဟိတအဖွဲ့က ယမန်နေ့က ဆန်နှင့် ကြက်ဥများ သွားရောက်ထောက်ပံ့လှူဒါန်းခဲ့သည်။

ထိုသို့ ထောက်ပံ့လှူဒါန်းရာတွင် ရန်ကုန်မြို့၊ ဝေမျှခြင်းပရဟိတအဖွဲ့မှ ဦးဝင်းမင်းထွန်း ဦးဆောင်သော ပရဟိတ အဖွဲ့ဝင်များက ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာရှိ သက်ကြီးဘိုးဘွား ရှစ်ဦးအား ဆန်နှစ်ပြည်နှင့် ကြက်ဥ ကိုးလုံးစီ၊ ပုဂံမြို့ဟောင်း ဖူးဘုရားဇာတ်ဆိပ်ရှိ ဝင်ငွေနည်းအိမ်ထောင်စု ၁၇ စုနှင့် ကန်တော့ပလ္လင်ဘုရားအနီး ကိုးလုံးရပ်ကွက်ရှိ အိမ်ထောင်စု ၂၆ စုတို့ကို အိမ်ထောင်စု တစ်စုလျှင် ဆန်တစ်ပြည်နှုန်းစီတို့ကို စနစ်တကျ သွားရောက်ထောက်ပံ့လှူဒါန်းပေးခဲ့သည်။




ရန်ကုန်မြို့၊ ဝေမျှခြင်း ပရဟိတအဖွဲ့က စေတနာအလှူရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် ပုဂံ ညောင်ဦးဒေသရှိ သက်ကြီးဘိုးဘွားများ အပါအဝင် ဝင်ငွေနည်း အိမ်ထောင်စုများကို စားဝတ်နေရေး အဆင်ပြေစေရန်အတွက် အခြေခံစားသောက်ကုန် ဆန်၊ ဆီနှင့် ကြက်ဥများ ထောက်ပံ့လှူဒါန်းခြင်း၊ ဆေးဝါးနှင့် အာဟာရဖြည့်စွက်စာ စားသောက်ဖွယ်ရာ ပစ္စည်းများ ထောက်ပံ့ပေးခြင်းနှင့် အလှူငွေများ ထောက်ပံ့ပေးခြင်းတို့ကို လစဉ် ထောက်ပံ့လှူဒါန်းလျက်ရှိကြောင်း အဆိုပါ ပရဟိတအဖွဲ့ အဖွဲ့ဝင် ဦးဝင်းမင်းထွန်းထံက သိရသည်။

(ဝဲပုံ)

(၄၄၅)

o-o-o-o-o-o-o



# မြေအောက်အဝီစိရေဖြင့် ပန်းစိုက်ပျိုးခြင်း လုပ်ကိုင်

**ရေနံချောင်း ဧပြီ ၁**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်၌ မြေအောက်အဝီစိရေဖြင့် ပန်းစိုက်ပျိုးခြင်းကို လုပ်ကိုင်လျက်ရှိပြီး မိသားစုဝင်ငွေ ရရှိနေသည်။

ဆောင်းရာသီမတိုင်မီ နိုဝင်ဘာလမှစတင်ပြီး ဂန္ဓမာပန်းငုတ်ကို မေမြို့ကနေမှာယူပြီး စိုက်ပျိုးကြသည့်အပြင် ဆောင်းရာသီ ဖေဖော်ဝါရီလတို့တွင် မေမြို့ပန်း၊ ကံ့ကော်သပြေ၊အာဆီယံသပြေ ပန်းများကို စိုက်ပျိုးကြကြောင်း ရေနံချောင်းမြို့နယ် ဒေသခံများထံက သိရသည်။

ပန်းစိုက်ပျိုးရာမှာ နေ့စဉ် ရောင်းချရသည့်အတွက် မိသားစုဝင်ငွေမှာ ပုံမှန်ဝင်ငွေရရှိသည့် အပြင် ပန်းကနေ အကျိုးအမြတ်ရနေသဖြင့် မိရိုးဖလာတောင်သူ အလုပ်ဖြစ်သည့် ပဲမာများ၊ ဆီထွက်သီးနှံများကို စိုက်ပျိုးလုပ်ကိုင်ကြသည်။

ရေနံချောင်းမြို့နယ်မှ ထွက်ရှိသောမေမြို့ပန်း၊ ဂန္ဓမာပန်း၊ ကံ့ကော်သပြေ၊ အာဆီယံသပြေ၊ ပတ္တမြားသပြေပန်းများကို ရေနံချောင်းမြို့မဈေးနှင့် မြို့ပေါ်ရှိ ရပ်ကွက်များအပြင် မကွေးမြို့နယ်၊ ချောက်မြို့နယ်များရှိ ကျေးရွာအချို့ကို ခေါင်းရွက်ဗျတ်ထိုးဖြင့် ရောင်းချကြောင်း သိရသည်။

(အပေါ်ပုံ) (၄၇၂)

# မီးသတ်တပ်ဖွဲ့ဝင်များက ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ ဖြန့်ဝေလှူဒါန်း

**ညောင်ဦး ဧပြီ ၁**

မန္တလေးတိုင်းဒေသကြီး ၊ ညောင်ဦးမြို့နယ် နပွလင်ကျေးရွာရှိ ဒေသခံပြည်သူများ နွေရာသီကာလ သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရန်အတွက် ယမန်နေ့က တောင်ဇင်းနယ်မြေမီးသတ်စခန်းမှ တပ်ကြပ်ကြီး ငြိမ်းချမ်းနိုင် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ သွားရောက်လှူဒါန်းပေးခဲ့သည်။

ထိုသို့ သောက်သုံးရေများ လှူဒါန်းပေးရာတွင် ညောင်ဦးမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူ၏ လမ်းညွှန်မှုဖြင့် တောင်ဇင်းနယ်မြေမီးသတ်စခန်းမှ တပ်ကြပ်ကြီး ငြိမ်းချမ်းနိုင် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ညောင်ဦးမြို့နယ် နပွလင်ကျေးရွာရှိ အိမ်ထောင်စု ၄၅၆၊ လူဦးရေ ၂၀၂၃ ဦးအတွက် ရေဂါလန် ၁၆၀၀ အား ကျေးရွာနေပြည်သူများ နွေရာသီကာလ သောက်သုံးရေ ဖူလုံစွာ သုံးစွဲနိုင်ရန် စနစ်တကျ ဖြန့်ဝေလှူဒါန်းပေးခဲ့သည်။

ပွင့်လင်းရာသီကာလသို့ ရောက်ရှိလာပြီဖြစ်၍ ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာနေပြည်သူများ သောက်သုံးရေ ပြတ်လပ်မှုမရှိစေရန်နှင့် ဖူလုံစွာ သုံးစွဲနိုင်ရန်အတွက် ညောင်ဦးမြို့နယ် တောင်ဇင်းနယ်မြေမီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များက ဌာနပိုင်ရေသယ်ယာဉ်ဖြင့် ပြည်သူ့အကျိုးပြုသောက်သုံးရေများ နေ့စဉ်ဖြည့်ဆည်းလှူဒါန်းပေးလျက်ရှိကြောင်း ညောင်ဦးမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူထံက သိရသည်။

(အောက်ပုံ)

(၄၄၅)



# ကြူအိုင်ကျေးရွာ၌ တစ်နိုင်တစ်ပိုင် ဘုရားပန်းများ စိုက်ပျိုးရောင်းချခြင်းဖြင့် မိသားစုစီးပွားရေးအဆင်ပြေ

**နတ်မောက် ဧပြီ ၁**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် ကြူအိုင်ကျေးရွာရှိ စိုက်ပျိုးရေးတောင်သူများသည် မြေအောက်ရေ ပေးသွင်း၍ တစ်နိုင်တစ်ပိုင်ဘုရားပန်းများ စိုက်ပျိုးရောင်းချခြင်းဖြင့် မိသားစုစီးပွားရေး အဆင်ပြေလျက်ရှိသည်။

ဒေသခံတောင်သူများသည် မိရိုးဖလာ လယ်ယာလုပ်ငန်းများ စိုက်ပျိုးခြင်းအပြင် မိမိတို့၏ ဥယျာဉ်ခြံမြေများ၌ မြေအောက်ရေပေးသွင်း၍ စားဖိုချောင်သုံး ဟင်းသီးဟင်းရွက်များ စိုက်ပျိုးကြသည့်အပြင် ဘုရားပန်းများဖြစ်သည့် မေမြို့ပန်း၊ အော်စတာပန်း၊ ဂန္ဓာမာပန်း၊ စိန်ရောင်ခြယ်ပန်း၊ နှင်းပန်း၊ နှင်းဆီများကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးရောင်းချလျက်ရှိသည်။ ဘုရားပန်းများကို စိုက်ပျိုးရာတွင် မေမြို့ပန်း ဥယျာဉ်ခြံမှ ဒေသနှင့်ကိုက်ညီသည့် မျိုးများကို အချိန်ကာလအလိုက် မှာယူစိုက်ပျိုးကြကြောင်း၊ ပျိုးခြံမှ အိမ်အရောက် ဘုရားပန်းမျိုးတစ်ပင်လျှင် ငွေကျပ် ၁၅ ပေးဝယ်ရကြောင်း၊ ရောက်ရှိလာတဲ့ ပျိုးပင်များကို ပေါင်ခတ်ထားသည့် ကျင်းထဲသို့ ချစိုက်၍ ရာသီဥတုအပေါ်မူတည်၍ ရေပေးသွင်းရကြောင်း၊ သဘာဝမြေဩဇာဖြစ်သည့် နွားချေး၊ ဆိတ်ချေးများထည့်ခြင်းနှင့် ပေါင်းမြက်ရှင်းလင်းရှင်းများ ပြုလုပ်ပေးရကြောင်း၊ လက်ရှိအခြေအနေတွင် ဘုရားများ ပွင့်လာပြီး ခူးယူရောင်းချရာ တစ်ကြိမ်ရောင်းချပါက ငွေကျပ် ၄၅၀၀၀ ရကြောင်း စိုက်ပျိုးရောင်းချသူ မန္တယ်နွယ်ထံက သိရသည်။

(အောက်ပုံ) မူမူစန်း



# လျှပ်စစ်ဓာတ်ကြောင့် ထိခိုက်ဒဏ်ရာရဆေးကုသမှုခံယူနေသော လူနာများအား ညနေစာထမင်းဘူးများနှင့် သောက်ရေသန့်များ ပေးအပ်လှူဒါန်း

**မိတ္ထီလာ ဧပြီ ၁**

မိတ္ထီလာခရိုင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ဦးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ၏ ဦးဆောင်ကြိုးကြပ်မှုဖြင့် အလှူရှင်စေတနာရှင်မိသားစုများက မိတ္ထီလာမြို့ အထွေထွေရောဂါကုဆေးရုံတွင် လျှပ်စစ်ဓာတ်ကြောင့် ထိခိုက်ဒဏ်ရာရ ဆေးကုသမှုခံယူနေသော လူနာများအား ဧပြီ ၁ ရက်ညနေပိုင်းက ညနေစာ ထမင်းဘူးနှင့် သောက်ရေသန့်များ ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါလှူဒါန်းပေးအပ်ရာနေရာသို့ ခရိုင်ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ဦးနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးလှူဒါန်းခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၄၅၃)



သစ်ပင်စိုက်ပါ

တို့ကမ္ဘာ

သာယာလှပ

စိမ်းမြမြ ။



## ပခုက္ကူမြို့၊ ပြည်သူ့ဆေးရုံကြီးမှ သွေးအိတ် ၂၀၇ အိတ် ပေးပို့လှူဒါန်း

**ပခုက္ကူ ဧပြီ ၁**

မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား အရေးပေါ်ဆေးဝါးကုသရာတွင် လိုအပ်သော သွေးများအသုံးပြုနိုင်ရေး ပခုက္ကူမြို့၊ ပြည်သူ့ဆေးရုံကြီးမှ သွေးအိတ် ၂၀၇အိတ်အား မန္တလေးမြို့၊ ပြည်သူ့ဆေးရုံကြီးသို့ မတ် ၃၁ရက် နံနက်ပိုင်းက ပေးပို့လှူဒါန်းခဲ့သည်။

၂၀၂၅ ခုနှစ် မတ် ၂၈ရက်က အင်အားအလွန်ပြင်းထန်သော မြေငလျင်လှုပ်ခတ်မှုကြောင့် မြေပြိုခြင်း၊ အဆောက်အအုံပြိုကျခြင်း၊ နေအိမ်များထိခိုက်ပျက်စီးခြင်းများကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအတွက် သွေးများလှူဒါန်းနိုင်ရန် ပခုက္ကူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်မှုဖြင့် ပခုက္ကူမြို့၊ ပြည်သူ့ဆေးရုံကြီးရှိ သွေးလှူဘဏ်၌ မတ် ၂၉ရက် နံနက်ပိုင်းမှစတင်ပြီး လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ပခုက္ကူမြို့ပေါ်ရှိ ရဟန်းသံဃာများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာရှင်ပြည်သူများက မတ် ၂၉ရက်တွင် ၁၂၆ဦး၊ မတ် ၃၀ရက်တွင် ၈၁ဦး လာရောက်လှူဒါန်းကြကြောင်း၊ ပခုက္ကူသွေးဘဏ်၌ စုဆောင်းထားရှိသော သွေးအမျိုးအစား A ၅၆အိတ်၊ B ၆၅အိတ်၊ O ၆၇အိတ်၊ AB ၁၉အိတ် စုစုပေါင်း သန့်စင်သော သွေးအိတ် ၂၀၇ အိတ်တို့အား Ambulance ကား နှစ်စီး၊ ဆရာဝန် တစ်ဦး၊ ကျန်းမာရေးဝန်ထမ်း ၂ဦး၊ ယာဉ်မောင်း နှစ်ဦးဖြင့် မတ် ၃၁ရက် နံနက် ၄နာရီ ၈မိနစ်က စတင်ထွက်ခွာရာ နံနက် ၉နာရီတွင် မန္တလေးမြို့၊ ပြည်သူ့ဆေးရုံကြီး၊ သွေးလှူဘဏ်သို့ ကောင်းမွန်စွာ ရောက်ရှိပို့ဆောင်လှူဒါန်းနိုင်ခဲ့ကြောင်း၊ သွေးလိုအပ်ပါက ထပ်မံလှူဒါန်းနိုင်ရေး စီစဉ်ဆောင်ရွက်ထားကြောင်း၊ သွေးလှူရှင်များကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဒုတိယဗိုလ်မှူးကြီး ကျော်ဇေလတ်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့်အဖွဲ့ဝင်များက လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း ဆေးရုံအုပ်ကြီးထံမှ သိရသည်။

(အပေါ်ဝဲပုံ)

(၃၄၀)

## ပြောင်းဆန်ဈေးမြင့်လာပြီး ငွေကျပ် ၁၇၅၀ အထိရှိလာ




ပြည်တွင်းပြောင်းဈေးကွက်အတွင်းမှာ ပြောင်းဆန်ဈေးအနည်းငယ်မြင့်တက်လာပြီး တစ်ပိဿာကို ငွေကျပ် ၁၇၅၀အထိ ဈေးပေါက်လာတယ်လို့ ကုန်သည်တွေဆီက သိရပါတယ်။

လက်ရှိ ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်မှာ ပြောင်းတစ်ပိဿာကို ငွေကျပ် ၁၆၈၀မှ ၁၇၀၀ရှိလာပြီး ပြောင်းဆန်တန်ချိန် အများအပြား ရောင်းချမယ့်သူတွေကတော့ ရန်ကုန်အရောက်ကို တစ်ပိဿာ ငွေကျပ် ၁၇၅၀အထိ ဈေးရရှိနေတာဖြစ်တယ်လို့ သိရပါတယ်။

‘ပြောင်းက တန်ချိန်များများရောင်းမယ်ဆိုရင် အရက်တပတ်က ၁၇၃၀ ရတယ်။ အခု ၁၇၅၀ လောက်အထိ ရတယ်။ ပုံမှန်ရောင်းရင်တော့ ခပေါက်ဈေးပဲရတယ်။ ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးခက်ခဲ့တဲ့ ဒေသတွေကတော့ ပြောင်းဈေးကိုအနိမ့်ဆုံးပဲရတယ်။ ကုန်သည်ပေးဈေးပဲရတယ်’ လို့ ရှမ်းပြည်နယ် ပြောင်းကုန်သည်တစ်ဦးက ပြောပါတယ်။

လက်ရှိ ပြောင်းဆန်ဈေးကွက်မှာ ဧရာဝတီတိုင်းကထွက်ရှိတဲ့ ပြောင်းဆန်ကို ဝယ်လိုအားပိုကောင်းနေတဲ့အခြေအနေရှိတာကြောင့် ဧရာဝတီတိုင်းအတွင်း ရွာတွေမှာ ဝယ်ယူတဲ့ပြောင်းဆန်ဈေးက ရန်ကုန်အရောက်ပြောင်းဆန်ဈေးနှုန်းနဲ့ တန်းတူဖြစ်လာနေတယ်လို့ သိရပါတယ်။

ဧရာဝတီပြောင်းအနည်းငယ်ထွက်စပြုချိန် ကွင်းပေါက်ဈေး (ရွာအထိုင်ဈေး)မှာ ရန်ကုန် Export ကုမ္ပဏီ ရန်ကုန်ဂိုထောင်အရောက်ပေးဈေးနဲ့ တူနေတဲ့အတွက် နယ်ကုန်သည်တွေအနေနဲ့ ရန်ကုန်ကုမ္ပဏီတွေဆီ ပြောင်းဆန်တင်ပို့မှုနှေးနေတယ်လို့ သိရပါတယ်။

ဧရာဝတီတိုင်း တောင်သူတိုက်ရိုက်ပြောင်း ဝယ်ဈေးက ရန်ကုန်ဈေး ငွေကျပ် ၁၇၀၀အထိ ရောင်းချနေကြရတာဖြစ်တယ်လို့ ဆိုပါတယ်။

‘ရန်ကုန်အရောက်ဈေးနဲ့ ရွာအထိုင်ဝယ်နေပါသလားဆို တကယ်ဝယ်နေပါတယ်။ ဝယ်ပြီး ဘယ်တွေသွားရောင်းသလဲဆိုရင် ဧရာဝတီပြောင်းအတွက် တရားဝင်လမ်းကြောင်း သုံးခုနဲ့ ရောင်းနေပါတယ်။ ဧရာဝတီပြောင်း ၁၅ရာခိုင်နှုန်းလောက် ရောင်းပြီးပါပြီ’ လို့ ပြောင်းတင်ပို့နေတဲ့ ကုန်သည်တစ်ဦးက ပြောပါတယ်။

လက်ရှိမှာ ပြောင်းဆန်ကထိုင်းနဲ့ အိန္ဒိယကို အခွန်ကင်းလွတ်ခွင့်နဲ့ တင်ပို့နေပြီး အခြားပြည်ပနိုင်ငံတွေကိုလည်း တင်ပို့နေကြောင်း နိုင်ငံတကာပြောင်းဆန်ဈေးကွက်မှာ ပြောင်းလိုအပ်ချက်ရှိနေတဲ့အတွက် မြန်မာ့ပြောင်းဆန်ဈေး ထပ်မံတက်လာနိုင်သေးတယ်လို့ ခန့်မှန်းထားကြပါတယ်။ **(အပေါ်ပုံ)**

ဒါ့အပြင် မြန်မာနိုင်ငံမှာလည်း ယခုနှစ်ပြောင်းစိုက်ဧကတွေလျော့ကျပြီး ပြောင်းအထွက်နှုန်းလည်း လျော့ကျတာကြောင့် ပြောင်းဈေးနှုန်းက ယခုနှုန်းထားထက်ပိုပြီး ကျဆင်းနိုင်မယ့်အခြေအနေမရှိဘူးလို့လည်း ဆိုပါတယ်။

**(မန္တလေးနေ့စဉ်-၆)**

## နွေစပါး ၉၂၁၆ ဧကထိ စိုက်ပျိုးပြီးစီး၊ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိ

**ပွင့်ဖြူ ဧပြီ ၁**



မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်တွင် နွေစပါး ၉၂၁၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၃၂၃၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မတ်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၉၂၁၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

‘ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ဆန်းစပါးသီးနှံ စိုက်ပျိုးစွမ်းအားတိုးတက်မြင့်မားစေဖို့ သီးနှံအထွက်နှုန်းများ တိုးတက်စေဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့ ရည်ရွယ်ပြီး စပါးစိုက်ဧက ၃၃၂၃၅ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ စပါး ၉၂၁၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ နွေစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာတွေ ပေးတာ၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးတာ၊ မြေသြဇာနဲ့ စိုက်ပျိုးရေးသွင်းအားစုတွေ စနစ်တကျသုံးစွဲတတ်အောင် ကြိုးကြပ်တာတွေ စတဲ့အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေပါတယ်’ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်ပျိုး တောင်သူများအနေဖြင့် တစ်ဧကအထွက်နှုန်း တိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်းထွက်ရှိရေးအတွက် မျိုးကောင်းမျိုးသန့်များရရှိအောင် ဆောင်ရွက်ပေးခြင်း၊ နည်းပညာပေးဆွေးနွေးပွဲများနှင့် သင်တန်းများဆောင်ရွက်ခြင်းလိုအပ်သည့် စိုက်ပျိုးရေးသွင်းအားစုများ အချိန်မီရရှိစေရေး ဆောင်ရွက်ပေးခြင်း စသည့် စိုက်ပျိုးစွမ်းအားတိုးတက်မြင့်မားရေးလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဆက်စပ်ဌာနများက ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။

စပါးကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုကို ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် စပါးကို ပိုမိုတိုးချဲ့ စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံက သိရသည်။**(အပေါ်ပုံ)**(၄၄၅)

## ငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးခဲ့သည့်အဆောက်အအုံများအား ဆက်လက်ရှင်းလင်း

**ကျောက်ဆည် ဧပြီ ၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် အဆောက်အအုံများအား မတ် ၃၀ရက် နံနက်ပိုင်းက ကျောက်ဆည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဦးဆောင်မှုဖြင့် ကျောက်ဆည်ခရိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှဦးစီးမှူးများ သန္နေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ ရေသယ်ယာဉ်၊ မီးငြိမ်းသတ်ယာဉ်၊ မြေကော်စက်များ အသုံးပြု၍ ဆက်လက်ရှင်းလင်းလျက်ရှိကြောင်း သိရသည်။

ထိုသို့ ရှင်းလင်းခြင်းလုပ်ငန်းများဆောင်ရွက်ရာ၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းထွန်းနှင့် အဖွဲ့များက အနီးကပ်ကြီးကြပ်ပြီး ကျောက်ဆည်မြို့ စုကြီးထန်းတောရပ်ကွက်ရှိ ငလျင်လှုပ်ခတ်မှုကြောင့် တစ်ပိုင်းတစ်စပြိုကျပြီး ဆိုလာလျှပ်စစ်မှ မီးလောင်နေသည့် လမ်းပြကြယ်ကိုယ်ပိုင်ကျောင်း၊ ပေါက်တော ရပ်ကွက်ရှိ လုံးဝပြိုကျနေသည့် ရွှေဝါဝင်း အဝတ်အထည်အရောင်းဆိုင် အဆောက်အအုံနှင့် စိန်ဆေးကုခန်းအဆောက်အအုံများတွင် ဆက်လက်ရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။



ကျောက်ဆည်မြို့နယ်တွင် ငလျင်လှုပ်ခတ်မှုကြောင့် ရပ်ကွက်ကျေးရွာ ၂၃၃ ခုတွင် မတ် ၂၉ ရက် ညနေ ၄ နာရီအထိ ငလျင်ဘေးသင့် အိမ်ထောင်စု ၅၇၃၉၈ စုမှ လူဦးရေ ၂၅၁၂၂၃ဦး၊ သေဆုံးဦးရေ ၁၀၅ ဦး၊ သေဆုံးတိရိစ္ဆာန် ၂၀၀၀ ကောင်၊ လူနေအိမ် ၁၂၆၈ အိမ်၊ အခြေခံပညာနှင့် အဆင့်မြင့်ကျောင်း၊ အဆင့်မြင့်တက္ကသိုလ် ၄၄ ခု၊ ဘုန်းတော်ကြီးကျောင်း၊ ဇလီ၊ ခရစ်ယာန်အဆောက်အအုံ ၁၆၀ ခု၊ စေတီ၊ သိမ်၊ မုခ်ဦး၊ ဓမ္မာရုံ စသည့် သာသနိကအဆောက်အအုံ ၄၃၉ ခု၊ ဆေးခန်း(၁)ခု၊ ကျန်းမာရေးဌာန ၉ ခု၊ ဌာနဆိုင်ရာရုံး ၆၁ ရုံး၊ ဈေး၊ ရေစက်ရုံ၊ ရေစင်၊ လူနေအိမ်၊ အုတ်တံတိုင်း စသည့် အခြားအဆောက်အအုံ ၃၅၆ ခု၊ တံတား ၄ စင်း၊ လမ်း ၅ လမ်းတို့ဖြစ်ကြောင်း သိရှိရပြီး ပျက်စီးဆုံးရှုံးဆုံးမှုများ ဆက်လက်စိစစ်လျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(၄၈၅)

## အများသိစေရန် ကြော်ငြာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၈)၊ ဦးပိုင်အမှတ်(၂၇)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးခင်လွန်းမောင် အမည်ပေါက်ဂရန်မြေကွက်အတွင်းမှ အနောက်ဘက်ခြမ်း(၂၀×၆၀)ပေ အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံအကာအရံအပါအဝင် နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ်၊ နိုတြီကိုယ်စားလှယ်လွှဲစာအဆင့်ဆင့်တို့ဖြင့် ဝယ်ယူခဲ့ပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ပြန်လည်လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူဒေါ်မြသန်း(ဘ)ဦးကျော်ပေါင်(၅/ပလန(နိုင်)၀၄၇၇၆၈) မှ ကျွန်ုပ်တို့၏မိတ်ဆွေသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်တို့၏မိတ်ဆွေကလည်း ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးအောင်ကိုလတ် (LL.B)　　ဒေါ်ဝါဝါကို (LL.B)　　ဦးအောင်နိုင်ထွန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေများ**

**၃၈လမ်း၊ ၇၈လမ်းနှင့် ၇၉လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၃၄၄၄၈**

## အများသိစေရန် အသိပေးကြော်ငြာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ တောင်မြင့်ရပ်ကွက်၊ အကွက်အမှတ်(၅၉၀/၁၀)အတွင်းရှိ အရှေ့အနောက်(၃၄)ပေ၊ တောင်မြောက်(၆၁)ပေခွဲ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အမှတ်(၂/၃၈)အဆောက်အအုံအပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ပြန်လည်လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဦးထွန်းမြင့်ဝင်း(ဘ)ဦးချန်ထွန်း(၉/ပကခ(နိုင်)၀၀၁၅၆၂)ကိုင်ဆောင်သူထံမှ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူရှိပါက အရောင်းအဝယ်ကိစ္စများအား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်မျိုးသီရိနိုင် (LL.B)**

**အထက်တန်းရှေ့နေ**

**အောင်မင်္ဂလာ(၁)ရပ်ကွက်၊ ပုသိမ်ကြီးမြို့။ ဖုန်း ၀၉-၇၉၄၁၄၆၅၉၉၊ ၀၉-၉၄၀၁၄၄၃၇၀**

## အများသိစေရန် ကြော်ငြာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၁၈)၊ ဦးပိုင်အမှတ်(၁၉)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးစိန်ထွန်းအမည်ပေါက် ဂရန်မြေကွက်အတွင်းမှ မြောက်ဘက်ဆုံးဧရိယာ(၀ ဒသမ ၀၁၃၈)ဧက၊ (၁၅×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ(ရေ+မီး)အစုံ ဆက်လက်သုံးစွဲခွင့်များအပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်အဆင့်ဆင့် ၊ ကိုယ်စားလှယ်လွှဲစာအဆင့်ဆင့်တို့ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဒေါ်ရွှန်းပြည့်ဖြိုး(ဘ)ဦးမိုးဝင်း(၉/ခမစ(နိုင်)၀၈၂၉၆၉)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်း၊ စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးဟိန်းကိုကိုယု (B.Sc Forestry,PGDL)**

**အထက်တန်းရှေ့နေ**

**အမှတ်(၆၇-က)၊ ၁၁၅(အေ)လမ်းနှင့် ၆၀(ဗီ)လမ်းထောင့်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၅၂၃၀၊ ၀၉-၉၇၇၂၉၂၄၂၀**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေး၊ ၂၀၂၅- ၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ဂရန်၊ ဘိုးဘ စာအုပ် ပြုလုပ်ခြင်းလုပ်ငန်းအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူသွားမည်ဖြစ်ပါသည်။

၂။ တင်ဒါလျှောက်လွှာများကို မန္တလေးမြို့တော်စည်ပင်သာယာရေး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၌ အောက်ပါအတိုင်းဝယ်ယူနိုင်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်-

(က) လျှောက်လွှာစတင်ရောင်းချမည့်နေ့ - ၇-၄-၂၀၂၅

(ခ) လျှောက်လွှာနောက်ဆုံးအပ်နှံရမည့်နေ့ - ၇-၅-၂၀၂၅

(ဂ) လျှောက်လွှာ(၁)စောင်နှုန်း - ၁၀၀၀၀ိ/-

၃။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ဖုန်း ၀၉-၂၀၃၅၂၇၄သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## အများသိစေရန် ကြော်ငြာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းသာယာရပ်ကွက်၊ ကွင်းအမှတ်(၄၉၇)၊ ဦးပိုင်အမှတ်(က/၁၈၅)၊ ဧရိယာ(၀ ဒသမ ၀၅၅)ဧက ဦးလှထွန်း(ဘ)ဦးထွန်းရင်(၉/ပသက(နိုင်)၀၃၈၃၇၆)ကိုင်ဆောင်သူအမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ ထိုဂရန်မြေကွက်မှာ အရှေ့လားသော်-ဦးပိုင်အမှတ်(၁၈၄)၊ အနောက်လားသော် အစိုးရလမ်း၊ တောင်လားသော်-ဦးပိုင်အမှတ်(၁၈၆)၊ မြောက်လားသော် အစိုးရလမ်းတို့ဖြစ်ပြီး အဆိုပါမြေကွက်အား ဂရန်အမည်ပေါက် ဦးလှထွန်းမှာ ဂရန်မြေတရားဝင်ချထားပေးသည့် အချိန်မှ ယနေ့အချိန်ထိ လက်ရောက်ပိုင်ဆိုင်ထားပါသည်။ ထိုတရားဝင် ချထားပေးသည့် စာရွက်စာတမ်း အထောက်အထားမူရင်းများသည်လည်း ဦးလှထွန်းလက်ဝယ်တွင် ရှိပါသည်။ ထိုဂရန် မြေကွက်အား အမည်ပေါက်သူဦးလှထွန်းမှာ ယနေ့အချိန်ထိ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ စွန့်လွှတ်ခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းထားခြင်းများ၊ ကိုယ်စားလှယ်လွှဲအပ်ထားခြင်း၊ အခြားနည်းလမ်းဖြင့် လွှဲအပ်ထားခြင်းများမရှိပါ။ ထိုမြေကွက်အား အမည်ပေါက်သူ ဦးလှထွန်း(၎င်း၏အမွေဆက်ခံသူများ)သိရှိခြင်းမရှိဘဲ ယခုအခါ အဆိုပါမြေကွက်ပေါ်တွင် ခြံစည်းရိုးကာရံထား သည်ကိုတွေ့ရှိရ၍ ယခုသတင်းစာတွင်ကြော်ငြာသည့်ရက်မှစ၍(၇)ရက်အတွင်း ဖျက်သိမ်းပေးပါရန် အကြောင်းကြားလိုက်ပါသည်။ အများသိစေရန် ကြော်ငြာခြင်းအပေါ် ကြော်ငြာသည့်ရက်မှစ၍(၇)ရက်အတွင်း ဖျက်သိမ်းခြင်းမရှိပါက မူလပိုင်ရှင်မှ ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်ပါသည်။

**ဦးလှထွန်း(ဘ)ဦးထွန်းရင်**

**(၉/ပသက(နိုင်)၀၃၈၃၇၆)**

**ဆက်သွယ်ရန်ဖုန်း ၀၉-၆၈၀၁၁၈၈၈၀၁**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ ၅၃လမ်းနှင့် ၅၄လမ်းကြား၊ ၁၁၁(ဘီ)လမ်း၊ အိမ်အမှတ်(၁/၁၈+၂၁+၂၂)နေ ဦးဝင်းမော်(၉/ပသက(နိုင်)၀၂၇၆၀၆)နှင့် ဒေါ်ခင်ညွန့်(၉/ပသက(နိုင်)၀၂၇၅၉၈)တို့၏သားဖြစ်သူ ကိုမိုးမြင့်ဦး(၉/ခမစ(နိုင်)၀၀၄၀၀၅)သည် မိဘနှစ်ပါး၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ နေ့စဉ်နှင့်အမျှ ကိုယ်ရောစိတ်ပါ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်သည့်အတွက် ဤကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ မိဘများပိုင်ဆိုင်သည့်လုပ်ငန်း ကိစ္စအဝဝနှင့်လည်း ကိုမိုးမြင့်ဦးအနေဖြင့် လုံးဝမသက်ဆိုင်တော့ပါကြောင်း ကြော်ငြာအပ်ပါသည်။ သို့ပါ၍ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ငွေရေးကြေးရေး၊ အရှုပ်အရှင်းပြဿနာကိစ္စအရပ်ရပ်ကိုမှ လုံးဝ (လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း၊ မိသားစုဝင်များနှင့် မသက်ဆိုင်ကြောင်းကို အများသိစေရန် ကြော်ငြာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)**

**ဦးဝင်းမော်၊ ဒေါ်ခင်ညွန့်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်အေးအေးမော် (LL.B)　　ဒေါ်စင်စင်ဖြိုး (LL.B)**

**တရားလွှတ်တော်ရှေ့နေများ**

**၆၃လမ်း၊ ၃၃လမ်းနှင့် ၃၄လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၉၉၇၄၊ ၀၉-၄၀၁၅၁၇၇၇၃**

**မီး သတိပြု။**

## အိမ်ဆောက်မိန့် ကြော်ငြာစာ

အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ အိမ်ဆောက်မိန့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မြို့နယ် | ရပ်ကွက် | အကွက် | ဦးပိုင် | အမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁။ | ဒေါ်ခင်မြမြ | ၉/မရတ(နိုင်)၀၀၆၇၉၀ | ချမ်းမြသာစည် | မြို့သစ်-၅ | ခ-၄ | ၈၃+၈၆ | SS ၃ထပ် |
| ၂။ | ဒေါ်မြင့်မြင့်ဝင်း | ၅/တမန(နိုင်)၀၃၃၆၀၉ | ချမ်းမြသာစည် | ကံသာယာ | G | ၈၅-က | RC ၃ထပ် |
| ၃။ | ဒေါ်စန်းစန်းအေး | ၅/ရဥန(နိုင်)၀၂၂၄၀၉ | ချမ်းမြသာစည် | ကျွန်းလုံးဥသျှောင် | ၄၉ဂ | ၂၉ | RC ၂ထပ် |
| ၄။ | ဦးကြည်သိန်း | ၉/မနမ(နိုင်)၀၄၄၃၂၀ | ချမ်းမြသာစည် | မြို့သစ်(၁) | B | ၄၂-က | RC ၃ထပ် |
| ၅။ | ဦးဝမ်ထင်ဖန် | ၁၃/မတတ(နိုင်)၀၂၅၃၃၇ | ချမ်းမြသာစည် | ထွန်းတုံး | ပပ-၂ | ၆၃ | RC ၃ထပ် |
| ၆။ | ဒေါ်နန်းသန်းကြည် | ၁၃/တကန(နိုင်)၁၁၈၁၉၆ | ချမ်းမြသာစည် | မြို့သစ်(၁) | မ-၁၀ | ၆ | SS ၃ထပ် |
| ၇။ | ဦးနန္ဒဦး ပါ-၂ | ၁၂/ပတထ(နိုင်)၀၃၂၀၁၁ | ချမ်းမြသာစည် | ကျွန်းလုံးဥသျှောင် | ၅၀၇ | ၁၀ | SS ၁ထပ် |
| ၈။ | ဒေါ်ရီရီသန်း(ခ) ရင်ရင်သန်း ပါ-၂ | ၉/မနမ(ညေ)၀၀၀၁၁၃ | ချမ်းမြသာစည် | မြို့သစ်-၃ | ဈ-၆ | ၈၅+၈၆ | SS ၂ထပ် |
| ၉။ | ဒေါ်မြမြဝင်း | ၅/ကသန(နိုင်)၀၃၂၂၉၂ | ချမ်းမြသာစည် | သံ/တောင် | ၄၃၆ | ၁၇၆ ခဲစင်း+ ၁၇၇ | RC ၃ထပ် |
| ၁၀။ | ဦးကျော်စိန် | ၉/မမန(နိုင်)၀၃၀၃၈၄ | ချမ်းမြသာစည် | မြို့သစ်-၄ | ဇ-၄ | ၁၆ခဲစင်း | RC ၃ထပ် |
| ၁၁။ | ဦးကျော်ကျော်ဝင်း(ခ) ရန်ကွေ့ယုံ | ၁၃/တယန(နိုင်)၀၀၀၃၀၅ | ချမ်းမြသာစည် | မြို့သစ်-၁ | တ-၇/ဃ | ၁ | RC ၄ထပ် (၄)လုံး |
| ၁၂။ | ဦးထိုက်ထိုက်အောင် ပါ-၂ | ၈/ရစက(နိုင်)၁၆၈၂၄၂ | ချမ်းမြသာစည် | မြို့သစ်-၂ | စ-၆ | ၅၇-ခ | RC ၃ထပ် |

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ်(ညည-၉)၊ ဦးပိုင်အမှတ်(၂၆)၊ ၆၁လမ်းနှင့် ၆၂လမ်းကြား၊ ဗထူးနှင့် အောင်ဆန်းလမ်းကြားရှိ ‌ဘောဂရန်မြေကွက်အမည်ပေါက်သူ ဦးခင်မောင်စန်း၏(SPရရှိသူ ဒေါ်နန်းအေးမိုး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၄၄၀၈/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးဝင်းလှိုင်(၁၃/သပန(နိုင်)၀၀၁၂၁၈)က ‌ဘောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၇၅၈၈/၂၀၂၄-၂၀၂၅)ဖြင့် ဘောမမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၃-က)၊ ဦးပိုင်အမှတ်(၁၆-က)၊ စစ်ကိုင်း-မန္တလေးကားလမ်းအနောက်ဘက်၊ ကပ်ကျော်မှော်ရုံအနီးရှိ ဦးနှင်းလှိုင်၊ ဒေါ်မိမိအမည်ပေါက် ဂရန်မြေကွက်အား ခင်ပွန်းဖြစ်သူ ဦးနှင်းလှိုင်ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၂၀၂/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သောဇနီးဖြစ်သူ ဒေါ်မိမိ(၉/မဟမ(နိုင်)၀၁၅၂၂၀)က အမှုတွဲအမှတ်(၇၅၇၂/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လွှတ်တော်အဆောက်အအုံများအား ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လွှတ်တော်အဆောက်အအုံများအား သွားရောက်ကြည့်ရှုစစ်ဆေး၊ လိုအပ်သည်များ လမ်းညွှန်မှာကြား

နေပြည်တော် ဧပြီ ၁

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အဖွဲ့ဝင်များ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံများတွင် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ရှင်းလင်းတင်ပြ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ပြည်သူ့လွှတ်တော် အဆောက်အအုံ၊ ပြည်ထောင်စု လွှတ်တော် အဆောက်အအုံ၊ အမှတ်(၁) ဂိတ်အဝင်တံတားနှင့် မုခ်ဦး၊ အမျိုးသားလွှတ်တော် အဆောက်အအုံတို့ ထိခိုက်ပျက်စီးခဲ့ရမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် လွှတ်တော်အဆောက်အအုံများအား စနစ်တကျဖြင့် ပြန်လည်ပြုပြင် တည်ဆောက်သွားရန်လိုကြောင်း၊ ပြုပြင်မှုများဆောင်ရွက်ရာတွင် အဆင့်အလိုက် စနစ်တကျဖြင့် ဆောင်ရွက်သွားရန်လိုပြီး ရေရှည်တည်တံ့စေရေးနှင့် ခိုင်ခိုင်မာမာဖြစ်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိခိုက်ပျက်စီးခဲ့မှုများနှင့် ပြန်လည်ပြုပြင်တည်ဆောက်မှု အခြေအနေများကိုလည်း စနစ်တကျ မှတ်တမ်းထားရှိသွားရန် လိုကြောင်းနှင့် အခြား လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လွှတ်တော်အဆောက်အအုံများအား ကြည့်ရှုစစ်ဆေးစဉ်။

# ယခုနှစ်သင်္ကြန်ကို ရိုးရာယဉ်ကျေးမှုနှင့်အညီ အေးချမ်းသာယာသောသင်္ကြန်အဖြစ် ကျင်းပသွားမည်

နေပြည်တော် ဧပြီ ၁

လက်ရှိကြုံတွေ့နေရသော ပြင်းထန်သည့်ငလျင်ဘေးအန္တရာယ်ကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့အတွင်း၌ ပြည်သူအချို့ သေဆုံးဒဏ်ရာရ ထိခိုက်နစ်နာဆုံးရှုံးမှုများ ကြုံတွေ့နေရပါသည်။

ထို့ကြောင့် တစ်နိုင်ငံလုံး ဝမ်းနည်းကြေကွဲနေရသောကာလဖြစ်ပါသဖြင့် ယခုနှစ် မြန်မာ့ရိုးရာသင်္ကြန်ကို အပျော်အပါးသီဆိုကခုန်မှုများ မပါဝင်ဘဲ ရိုးရာယဉ်ကျေးမှုနှင့်အညီ အေးချမ်းသာယာသော သင်္ကြန်အဖြစ် ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

သတင်းစဉ်

# ငလျင်ဒဏ်ကြုံတွေ့ခဲ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ပြည်သူများ အဆက်အသွယ်မပြတ် ရရှိစေရန် MPT ဖုန်းအချင်းချင်း အခမဲ့မိနစ် ၇၀၀ ခေါ်ဆိုခွင့်နှင့် SMS စာတိုပေးပို့မှု အစောင် ၇၀၀ ကို တစ်ပတ်တာ ဝန်ဆောင်မှုပေးထား

ရန်ကုန် ဧပြီ ၁

မတ် ၂၈ ရက် တပေါင်းလကွယ်နေ့တွင် ဖြစ်ပေါ်ခဲ့သည့် ငလျင်ကြောင့် ငလျင်ဘေးဒဏ်ကြုံတွေ့ခဲ့ရသော တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ပြည်သူများ အဆက်အသွယ်မပြတ် ရရှိစေရန် MPT ဖုန်းအချင်းချင်း အခမဲ့မိနစ် ၇၀၀ ခေါ်ဆိုခွင့်နှင့် SMS စာတိုပေးပို့မှု အစောင် ၇၀၀ ကို တစ်ပတ်တာ ဝန်ဆောင်မှုပေးထားကြောင်း MPT မှ သိရသည်။

အဆိုပါ အခမဲ့ဝန်ဆောင်မှုကို မတ် ၂၉ ရက်မှ ဧပြီ ၄ ရက်အထိ တစ်ပတ်တာ အခမဲ့ဝန်ဆောင်မှုပေးထားပြီး ငလျင်ဒဏ်ကြောင့် တယ်လီဖုန်းခေါ်ဆိုမှု အခက်အခဲများကိုလည်း အမြန်ဆုံးပြန်လည်ကောင်းမွန်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်သန်းဦး

